ကြေးမုံ
*The* **Mirror Daily**
၁၉၅၇ ဖေ့ဖြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 4 February 2017 (၈၈၂၇)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားဘုရင်မင်းမြတ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်က ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

**ဖနောင်ပင် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယသမ္မတများဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. So BUNNA နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီး Mr. Samdech Chaufea Veang Kong Som Ol၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Khieu Kanharith ၊ ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ခေတ္တတည်းခိုမည့် Intercontinental ဟိုတယ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

## ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း (၃၆၅၆ ဒသမ ၈၂၀)သုံးစွဲရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား

သတင်းစာမျက်နှာ - ၇

## ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဆိုင်ရာသိကောင်းစရာအချပ်ပိုပါရှိ



# ပြည်တွင်းရေးရာ

☆ရွှေဖုံးမှ

ဘုရင့်နန်းတော်ရေးရာ ဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံဘုရင်မှ ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့်ပေးအပ်သည့်ပန်းခြင်းကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားဘုရင်မင်းမြတ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် ဘုရင့်နန်းတော်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ဆွေးနွေးပွဲ၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်က မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာမှုရှိလာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် အားရဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးမှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ရောက်ရှိလာရာ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် ဘုရင့်နန်းတော်၌ တွေ့ဆုံစဉ်။(သတင်းစဉ်)

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ဘုရင်ဟောင်း နိုရိုဒွန်သီဟာနု၏ အထိမ်းအမှတ်ကျောက်တိုင်တို့သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့သည်။

၁၈ နှစ်အရွယ်ရှိ နိုရိုဒွန် သီဟာနုမင်းသားအား ပြင်သစ်တို့က ၁၉၄၁ ခုနှစ် ဧပြီတွင် ဘုရင်အဖြစ်နန်းတင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဘုရင်သီဟာနုသည် ကမ္ဘောဒီးယား အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ၏ ခေါင်းဆောင်ဖြစ်လာပြီး ၁၉၅၂ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကိုယူကာ သုံးနှစ်အတွင်း လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့သည်။ ၎င်းသည် လွတ်လပ်ရေးရသည့်အခါ ဘုရင်အဖြစ်မှ နုတ်ထွက်၍ ဖခမည်းတော်ကို နန်းတင်ခဲ့ကာ ၁၉၅၅ ခုနှစ်တွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲအပြတ်ဖြင့် အနိုင်ရခဲ့သည်။

၁၉၆၀ ခုနှစ် ခမည်းတော် နတ်ရွာစံသော် ဘုရင်မရှိသော ဘုရင်စနစ်၌ နိုင်ငံအဓိပတိအဖြစ် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သူဖြစ်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ဘုရင့်နန်းတော်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်တို့က ဆုတောင်းထောမနာပြုကြသည်။

နိုင်ငံတော်သမ္မတက ဆုတောင်းထောမနာပြုရာ၌ မိမိတို့နှစ်နိုင်ငံသည် သမိုင်း၊ ယဉ်ကျေးမှု၊ အာရှတန်ဖိုးသတ်မှတ်ချက်နှင့် စိတ်နေစိတ်ထားများ တူညီကြရုံသာမက ဒေသတွင်းငြိမ်းချမ်းရေးအပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် တူညီသည့် သန္နိဋ္ဌာန်များချမှတ်ဖော်ဆောင်နေကြသည့် နိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ သမိုင်းကာလတစ်လျှောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် တစ်နေ့ထက်တစ်နေ့ ပိုမိုခိုင်မာလာသည်ကို တွေ့ရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးများဖော်ဆောင်ရန် အခွင့်အလမ်းများစွာ ကျန်ရှိနေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဖြင့် ယင်းအခွင့်အရေးများကိုလက်တွေ့အကောင်အထည်ဖော်သွားနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အစဉ်ရှိလာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသာမက ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောမှု ထိန်းသိမ်းရေးတို့အတွက် နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

**မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာမှုရှိလာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် အားရဝမ်းသာဖြစ်ရ၊ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးမှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်**

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်
ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ



# ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်ရန် ဂျာမနီဝန်ကြီးချုပ်က တူရကီသမ္မတအားတိုက်တွန်း



**အန်ကာရာ ဖေဖော်ဝါရီ ၃**

တူရကီနိုင်ငံသည် သမ္မတ၏အာဏာများအား မြှင့်တင်ပေးရေးနှင့်သက်ဆိုင်နေသော လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် ဦးတည်နေချိန်တွင် ဒီမိုကရေစီနှင့်လွတ်လပ်စွာသဘောကွဲလွဲခွင့်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်က ဖေဖော်ဝါရီ ၂ ရက်တွင် တိုက်တွန်းလိုက်သည်။

ဝန်ကြီးချုပ်မာကဲလ်သည် တူရကီသမ္မတရေဆက်တေယစ်အာဒိုဂန်နှင့် မြို့တော်အန်ကာရာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးမှုမှာ အကြိတ်အနယ်ရှိလှကြောင်း၊ တစ်ဦးနှင့်တစ်ဦး စွပ်စွဲပြစ်တင်မှုများလည်းပါရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မိမိတို့က အကြမ်းဖက်အုပ်စုများကို တိုက်ဖျက်ရာတွင် ဂျာမနီကတူရကီကို ထောက်ခံအားပေးခြင်းမရှိဟု သမ္မတအာဒိုဂန်က စွပ်စွဲပြောဆိုသည်။

မာကဲလ်သည် တူရကီနိုင်ငံ၌ ဇူလိုင်လက မအောင်မြင်သောအာဏာသိမ်းပွဲ ဖြစ်ပွားခဲ့ပြီးချိန်နောက်ပိုင်းယင်းနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

ဇူလိုင် ၁၅ ရက်အာဏာသိမ်းပွဲနောက်ပိုင်း နိုင်ငံရေးသဘောထားကွဲလွဲသူများကို တူရကီအစိုးရက ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့ခြင်းကို အကြောင်းပြု၍ ဂျာမနီနှင့် တူရကီနိုင်ငံတို့ ဆက်ဆံရေးထိခိုက်ခဲ့ရပြီး နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်လာစေရန် ရည်ရွယ်လျက် မာကဲလ်က အန်ကာရာသို့ ရောက်ရှိလာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# လစ်ဗျားမှတစ်ဆင့် ဥရောပသို့ ဥပဒေမဲ့ရွှေ့ပြောင်းမှု ထိန်းချုပ်နိုင်မည့် နည်းလမ်းများ အီးယူဆွေးနွေး

**ဘရပ်ဆယ် ဖေဖော်ဝါရီ ၃**

လစ်ဗျားနိုင်ငံမှ ဥရောပသို့ ဥပဒေမဲ့ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများ အလုံးအရင်းဖြင့် ဝင်ရောက်နေမှုကို ထိန်းချုပ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်များ မော်လ်တာနိုင်ငံ၌ ဆွေးနွေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖရိကမြောက်ပိုင်းမှ သိန်းနှင့်ချီသော တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများသည် ဥရောပသို့ ရောက်ရှိရန် နှစ်စဉ်ကြိုးပမ်းလေ့ရှိကြပြီး ၎င်းတို့အနက် အများအပြားမှာ မြေထဲပင်လယ်ကိုဖြတ်သန်းစဉ် ရေယာဉ်နစ်မြုပ်မှုဖြင့် သေဆုံးရလေ့ရှိသည်။

တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု တားဆီးရေးဆိုင်ရာ အစီအစဉ်သစ်များကို အီးယူထိပ်သီးဆွေးနွေးပွဲတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အီးယူအကြီးအကဲ ဒေါ်နယ်တပ်စ်က ပြောကြားသည်။

လစ်ဗျားမှအီတလီနိုင်ငံသို့ သွားရောက်နိုင်သည့် လမ်းကြောင်းကို ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများ အသုံးပြုနိုင်ခြင်းမရှိစေရန် မိမိတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း တပ်စ်က ပြောကြားသည်။

ရွှေ့ပြောင်းအခြေစိုက်သူများ အသုံးပြုနေသည့် ပုံမှန်မဟုတ်သောလမ်းကြောင်းများကို ပိတ်ဆို့နိုင်စွမ်းရှိပုံကို ဥရောပသမဂ္ဂက ဖော်ထုတ်ပြသမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုစဉ်အတွင်း အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်က ၂၄ နာရီအတွင်း မြေထဲပင်လယ်တွင် ဘေးဥပဒ် ကျရောက်နေသော ရွှေ့ပြောင်းအခြေစိုက်သူ ၁၇၅၀ ကျော်အထိကို ကယ်တင်ပေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

လစ်ဗျားမှ ရောက်ရှိလာသူ အများစုမှာ အာဖရိကနိုင်ငံများမှ ဖြစ်ကြပြီး ညှဉ်းပန်းနှိပ်စက်ခံရမှုဘေးမှ ကင်းဝေးရန်လည်းကောင်း၊ ပိုမိုတိုးတက်သောလူနေမှုဘဝသို့ ရောက်ရှိစေရန်လည်းကောင်း တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်ကြသည်ဆို၏။

**ရိုက်တာ။**





# ပြည်ပသို့ တာတိုပစ်ဒုံးကျည်သစ်များ ရောင်းချရန် တရုတ်နိုင်ငံ စီစဉ်

**ပေကျင်း ဖေဖော်ဝါရီ ၃**

ဝေဟင်မှ မြေပြင်သို့ပစ်ခတ်နိုင်သည့် တာတိုပစ်ဒုံးကျည်များကို နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချနိုင်ရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိကြောင်း၊ ယင်းတာတိုပစ်ဒုံးကျည်များကို မောင်းသူမဲ့လေယာဉ်များတွင် တပ်ဆင်နိုင်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားကြောင်း ယနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ စစ်သုံးမောင်းသူမဲ့လေယာဉ်များ ပြည်ပသို့ တင်ပို့ရောင်းချသော ကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သော တရုတ်လေကြောင်းအာကာသနည်းပညာကုမ္ပဏီသည် မကြာသေးမီရက်များအတွင်း အေအာရ်-၂ အမျိုးအစား တာတိုပစ်ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်တစ်စင်းကို နိုင်ငံအနောက်မြောက်ပိုင်းတွင် စမ်းသပ်ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဆို၏။

အေအာရ်-၂ ဒုံးကျည်သည် အမေရိကန်၊ ပြင်သစ်နှင့်အစ္စရေးနိုင်ငံများမှ ထုတ်လုပ်သည့် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များနှင့် ဈေးကွက်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ရလိမ့်မည်ဟု ရှုမြင်ရကြောင်း နိုင်ငံပိုင်ချိုင်းနားဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။

ယင်းတိုတာပစ်ဒုံးကျည်သည် အလေးချိန်ကီလိုဂရမ် ၂၀ ခန့်ရှိပြီး ငါးကီလိုဂရမ်အလေးချိန်ရှိ လက်နက်ထိပ်ဖူးကိုတပ်ဆင်ထားနိုင်သည်။ ဒုံးကျည်၏ပျံသန်းနှုန်းမှာ တစ်နာရီလျှင် ၇၃၅ ကီလိုမီတာအထိရှိပြီး ရှစ်ကီလိုမီတာအကွာအဝေးအထိ ပစ်ခတ်နိုင်သည်။ ယင်းဒုံးကျည်သည် စစ်သည်တင်သံချပ်ကာယာဉ်များ လူနေအိမ်များနှင့် ကတုတ်ကျင်းများကို ဖျက်ဆီးတိုက်ခိုက်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

စီအိတ်ချ်-၄ အမျိုးအစားကင်းထောက်နှင့် တိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်ကို အသုံးပြုကာ အေအာရ်-၂ ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့သည်။

တရုတ်လေကြောင်းအာကာသနည်းပညာကုမ္ပဏီက ထုတ်လုပ်သည့် မည်သည့်စီအိတ်ချ် အမျိုးအစားမောင်းသူမဲ့လေယာဉ်တွင်မဆို အဆိုပါဒုံးကျည်ကိုတပ်ဆင်နိုင်ပြီး စီအိတ်ချ်အမျိုးအစား မောင်းသူမဲ့လေယာဉ်များကို နိုင်ငံပေါင်း ၁၀ နိုင်ငံထက်မနည်းသို့ တင်ပို့ရောင်းချခဲ့ပြီးဖြစ်သည်။

**ပီတီအိုင်။**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်၏ အကူအညီပါရယူမည်ဟု ဖိလစ်ပိုင်သမ္မတဒူတာတေးပြောကြား

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်သမ္မတဒူတာတေးက ၎င်း၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှု လုပ်ငန်းစဉ်တွင် တပ်မတော်၏ အကူအညီရယူကာ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတဒူတာတေးရာထူးတာဝန်များ စတင်တာဝန်ယူခဲ့သည့်လွန်ခဲ့သောနှစ် ဇွန်လကစပြီး မူးယစ်ဆေးဝါးတိုက်ဖျက်မှုလုပ်ငန်းစဉ်များတွင် မူးယစ်ဆေးဝါးတရားမဝင် လက်ဝယ်တွေ့ရှိသူနှင့် သုံးစွဲသူများအပါအဝင် စုစုပေါင်း ၂၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

သမ္မတဒူတာတေးသည် မူးယစ်ဆေးဝါးတိုက်ဖျက်မှုကို အမျိုးသားလုံခြုံရေး ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ် လှုပ်ရှားမှုတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဥပဒေချိုးဖောက်သူ မည်သူမဆိုသည် သေပွဲဝင်ရမည်ဖြစ်သည်ဟု သမ္မတဒူတာတေးက အခိုင်အမာ ပြောကြားထားကြောင်း သိရသည်။

သို့သော် လွန်ခဲ့သောလက ဖိလစ်ပိုင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးအား ပြန်ပေးဆွဲပြီး သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲပြစ်တင်ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။

ယင်းစွပ်စွဲပြစ်တင်မှုများနှင့်ပတ်သက်ပြီး အတွင်းကျကျ စုံစမ်းဖော်ထုတ်ရန်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှု လုပ်ငန်းစဉ်များကို ယာယီဆိုင်းငံ့ထားရန် သမ္မတဒူတာတေးက ရဲတပ်ဖွဲ့အားအမိန့်ချမှတ်ခဲ့သည်။

ယခုလအစောပိုင်းတွင် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ရဲတပ်ဖွဲ့က အပြီးသတ်လုပ်ဆောင်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြန်လည်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# သစ်တောများပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်းကို ခရိုင်(၈၁)ခုတွင် စိုက်ပျိုးပြုစုထိန်းသိမ်းသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းလေးခု မေးမြန်းခြင်း၊ အဆိုနှစ်ခု တင်သွင်းခြင်း၊ ပြင်ဆင်ချက်အဆိုတစ်ခုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပင်လည်ဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၏ ရွှေနှင့်အခြားသယံဇာတများကိုမှီခိုပြီး လုပ်ကိုင်စားသောက်ကြသူများအတွက် ဥပဒေဘောင်အတွင်းမှ တရားဝင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့သတ္တုတွင်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၉၄ ခုနှစ် စက်တင်ဘာ ၆ ရက် ရက်စွဲပါ ဥပဒေအမှတ် ၈/၉၄ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၉၆) ဖြင့် ဆက်လက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၀ နှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၄၄ တို့အရ ဓာတ်သတ္တု လက်လုပ်လက်စား လုပ်ကိုင်ခွင့်ကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေ ၁၉၉၄ အား ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇၂)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းကို နည်းဥပဒေအသစ်တွင် ထည့်သွင်းပြုစုထားပါကြောင်း၊ နည်းဥပဒေအသစ် မထုတ်ပြန်မီ လက်ရှိကာလတွင် ၁၉၉၄ ဥပဒေအရ ခွင့်ပြုထားသည့် လက်လုပ်လက်စားလုပ်ကွက်များကိုသာ တည်ဆဲနည်းဥပဒေပါအတိုင်း သက်တမ်းတိုးခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ရွှေအပါအဝင် ဓာတ်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်လက်လုပ်လက်စား လုပ်ကွက်အသစ်များကိုမူ ဥပဒေနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် နည်းဥပဒေအသစ်ထွက်ရှိမှသာ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ၏ တရားဝင်သစ်စက်နှင့် သစ်ဆိုင်မရှိသော မြို့ငယ်များတွင် ကျွန်းနှင့် သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရန် မည်သည့်မူဝါဒများ ချမှတ်၍ မည်သို့အကောင်အထည်ဖော်ပေးမည်နှင့် ပြည်ပပို့ကုန်အတွက် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန် စီမံထားသော သစ်တောများ ပြုစုပျိုးထောင်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာနအနေဖြင့် ကျွန်းနှင့်သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရှိရေးအတွက် မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းသစ်စက်များမှ ရောင်းချခြင်းနှင့် သစ်တောဦးစီးဌာနရှိ ပုံစံ(၈)ဝင် သစ်များအား ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူများသို့ တိုက်ရိုက်ရောင်းချမည့် အစီအမံတို့အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များမှတစ်ဆင့် လုပ်ငန်းစဉ် (၇)ရပ်ဖြင့် လွှဲပြောင်းရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ပင်လည်ဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်

ဝန်ကြီးဌာနအနေဖြင့် သစ်ထုတ်လုပ်ကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်မှု လုံးဝရပ်နားခြင်း၊ ပဲခူးရိုးမဒေသအား ၁၀ နှစ်တာကာလ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်တောထွက်ပမာဏ သတ်မှတ်ချက်ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ရန် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ အထိ)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀နှစ် စီမံကိန်းကို ပထမ ငါးနှစ်၊ ဒုတိယ ငါးနှစ် စီမံကိန်းကာလနှစ်ခုခွဲ၍ ခရိုင်(၈၁)ခုတွင် သစ်တောများ ပြုန်းတီးသွားသောနေရာများနှင့် သစ်တောအတန်းအစားကျဆင်းသွားသော နေရာများ၌ သင့်လျော်သော သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက် ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ ချောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးက ထောက်ခံဆွေးနွေး၍ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

လွှတ်တော်က အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသဖြင့် ယင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်းက အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ပြင်ဆင်ချက်အဆိုများအပေါ် လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်သွင်းဆွေးနွေးရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းသည့် ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိက လုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ရွှေတောင်မဲဆန္ဒနယ်မှ လွှတ်တာ်ကိုယ်စားလှယ် ဒေါ်မြခွာညီဦးက ကန်တော်ကြီးရေလှောင်ကန်ကို ပဲခူးမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် ၁၉၂၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါတွင် ရေလှောင်ကန်၏သက်တမ်းမှာ နှစ်ပေါင်း ကိုးဆယ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ်ခန့်မှစ၍ စီးပွားရေးလုပ်ငန်းရှင်အချို့က ကန်၏ပတ်လည်ရှိ ရေဆင်းဧရိယာနှင့် သစ်တောဧရိယာများအတွင်း သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းကာ ရော်ဘာစိုက်ခင်းများကို တည်ထောင်လာခဲ့ကြသည်ကို သိရပါကြောင်း၊ ထိုအခါ ကန်တော်ကြီးရေလှောင်ကန်ရှိ ရေဆင်းဧရိယာများ ပျက်စီးသွားရုံမျှမက မြေဆီလွှာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်စေကာ ရေလှောင်ကန်အတွင်းသို့ အနည်အနှစ် စွန့်ပစ်ပစ္စည်းများ ပိုမိုဝင်ရောက်လာသဖြင့် ကန်၏ သောက်သုံးရေ အရည်အသွေးကို ကျဆင်းစေပြီး မြို့နေလူထု၏ ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ကြောင်းကို အဆိုရှင်များက တင်ပြခဲ့ကြပါကြောင်း၊ ထို့ကြောင့် ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါရန်နှင့် မြို့နေလူထုအတွက် အန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ အဆိုကို လေးနက်စွာထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

ညောင်လေးပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြင့်သိန်းက မိမိအနေဖြင့် ယခုကဲ့သို့ ထောက်ခံဆွေးနွေးနိုင်ရန်အတွက် ပဲခူးမြို့တွင် ကွင်းဆင်းပြီး လေ့လာစုံစမ်းခဲ့ပါကြောင်း၊ ကန်တော်ကြီး ရေလှောင်တမံကို ၁၉၂၄ ခုနှစ်တွင် ရေပေးဝေရေးစီမံကိန်းအတွက် စတင်ခဲ့ခြင်းဖြစ်ပြီး ကန်ပတ်လည်တွင် ရေကာသစ်တောကို စနစ်တကျပြုစုထားခဲ့ပါကြောင်း၊ ၎င်းအပြင် ရေဝေရေလဲဧရိယာမှာလည်း သစ်တောများထားရှိကာ ပုဒ်မ (၁၄၄) ထုတ်ပြန်ပြီး ကန့်သတ်ထားခဲ့ပါကြောင်း၊ ထိုစဉ်က ကန်တော်ကြီး ရေဆင်းသစ်တောဧရိယာအကျယ်မှာ ဧက ၁၃၈၀ ရှိပြီး ရေဝပ်ဧရိယာသည် ၁၄၁ ဧက ရှိပါကြောင်း၊

**စာမျက်နှာ ၇ သို့ ○**

# ရေးမြို့နယ်ရှိ ကုလားဂုတ်ကျွန်းအပါအဝင် ကျွန်းများနှင့်ပတ်သက်၍ အမိန့်၊ ညွှန်ကြားချက်များ သီးခြားထုတ်ပြန်ရန် အစီအစဉ်မရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ ခေတ်အဆက်ဆက် ဒေသဖွံ့ဖြိုးရေး နောက်ကျနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေ ဖန်တီးရေးအပါအဝင် လူမှုဘဝတိုးတက်စေရေး စီမံကိန်းများ သီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ခေတ်အဆက်ဆက် ဒေသဖွံ့ဖြိုးရေး နောက်ကျခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေဖန်တီးရေးအပါအဝင် လူမှုဘဝတိုးတက်စေရေး စီမံကိန်းများသီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ လုပ်ငန်းစီမံကိန်းများ စိစစ်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်း၍ ဆောင်ရွက်သင့်ပါကြောင်း။




ဒုတိယဝန်ကြီး ဦးလှကျော်

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေး လုပ်ငန်းများနှင့် စက်မှုလယ်ယာစနစ်တကျ လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရေးအတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍လည်းကောင်း၊ စက်မှုလယ်ယာ စနစ်တကျလယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ ကမ်းဝေးငါးဖမ်းလှေကြီးများသည် ကမ်းမှ ရေမိုင်(၇)မိုင်ခန့်ဝေးကွာသော ရေးမြို့နယ်မှ ကုလားဂုတ်ကျွန်းကဲ့သို့သော ကျွန်းများအနီးထိ ငါးများကို ဥပဒေအရ ဖမ်းဆီးခွင့်ရရှိနေသဖြင့် ရေလုပ်ငန်းတစ်ခုတည်းအပေါ် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျွန်းနေပြည်သူများ စားဝတ်နေရေး ကျပ်တည်းလာမှုအပေါ် အမိန့်၊ ညွှန်ကြားချက်တစ်စုံတစ်ရာထုတ်ပြန်ပြီး ကာကွယ်ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကုလားဂုတ်ကျွန်း အပါအဝင် ကျွန်းများနှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အမိန့်နှင့် ညွှန်ကြားချက် သီးခြားထုတ်ပြန်ရန် အစီအစဉ် မရှိပါကြောင်း၊ ကုလားဂုတ်ကျွန်းသည် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရ သတ်မှတ်ထားသော ကမ်းနီးငါးလုပ်ငန်း ရေပြင်အတွင်း၌ တည်ရှိသဖြင့် ကျွန်းအနီးရှိ ကမ်းနီးငါးလုပ်ငန်းရေပြင်သို့ ကမ်းဝေးငါးဖမ်းရေယာဉ်များ တရားမဝင်ငါးဝင်ရောက်ဖမ်းဆီးနေမှုများတွေ့ရှိပါက နီးစပ်ရာ တပ်မတော်(ရေ) စစ်ရေယာဉ်များသို့ သတင်းပို့ခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရယူ၍ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများသို့ သတင်းပေးပို့ခြင်းများ ပူးပေါင်းဆောင်ရွက်ပေးပါက ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း တရားမဝင် လိုင်စင်မဲ့ ငါးဖမ်းဆီးခြင်းနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း) တပ်ရင်းတပ်ဖွဲ့များနှင့် တပ်မတော်(ရေ) စစ်ရေယာဉ်များမှ နယ်မြေရှင်းလင်းရေး တာဝန်ဆောင်ရွက်စဉ်နှင့် ကမ်းနီးငါးဖမ်းလှေငယ်များမှ သတင်းပေးပို့ချက်များအရ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အစင်း ၂၀၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အစင်း ၃၀ နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရှစ်စင်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး တည်ဆဲမြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်

ထို့ပြင် လယ်ထွန်စက်များ ကူညီပံ့ပိုးပေးရေး၊ လမ်းအဆင့်တိုးမြှင့်ပေးရေးနှင့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ မေးခွန်းများကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသက်နိုင်စိုးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူးတို့က မေးမြန်းကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**

■

# နှစ် (၇၀) ပြည့် ပြည်ထောင်စုနေ့ ဆန္ဒမွန်

## ဒေါက်တာခင်စန်းမော်

မူလတန်းကျောင်းသူဘဝကတည်းက ဖခင်ဖြစ်သူတာဝန်ကျရာ ပြည်နယ်ဒေသအချို့သို့ မိသားတစ်စုလုံးပြောင်းရွှေ့လိုက်ပါကာ နေထိုင်ခဲ့ဖူးပါသည်။ ဇာတိမြေရန်ကုန်မှ တိုင်းရင်းသားလူမျိုးစုတစ်စု အများဆုံးနေထိုင်ရာ ပြည်နယ်တစ်ခုသို့ ရောက်သွားစဉ် ပတ်ဝန်းကျင်အပြောင်းအလဲ၊ နေရာအပြောင်းအလဲ၊ ဒေသစိမ်း၏ ရာသီဥတုအပြောင်းအလဲများကြားမှာ တုပ်ကွေး၊ ဝက်သက်၊ ရေကျောက်စသော ကူးစက်ရောဂါအမျိုးမျိုး၏ တိုက်ခိုက်မှုဒဏ်ကို တစ်ဦးတည်းကွက်၍ အလူးအလဲခံစားရသောကြောင့် ကျောင်းဖွင့်ပြီး တစ်လကျော်ကြာမှ နောက်ကျစွာကျောင်းတက်ဖြစ်တော့သည်။ ထိုနေ့သည် ဒုတိယတန်းကျောင်းသူဘဝ၏ ပထမဆုံးကျောင်းတက်သည့်ရက်လည်းဖြစ်ပါသည်။

"မင်းကကျောင်းသူအသစ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

ပြန်ဖြေသည့်အသံက တိုးတိုးတိမ်တိမ်နှင့် တုန်ယင်နေသည်။

သူငယ်တန်းနှင့်ပထမတန်းတုန်းက အတန်းပိုင်ဆရာမများနှင့်သာ သင်ကြားခဲ့ဖူးသဖြင့် အတန်းပိုင်ဆရာ၏ ခပ်ဝဲဝဲလေသံကို စိုးရွံ့နေခဲ့ပါသည်။

"ဘယ်ကပြောင်းလာတာလဲ"

နေ့စဉ်ရက်ဆက် အဖျားဒဏ်ကို ခံစားခဲ့ရသောကြောင့်လားမသိ၊ ခေါင်းအုံ့ပြီး လက်ဖျားများအေးစက်ကာ နှုတ်က အာစေးထည့်ထားသလို ဆွံ့အနေဆဲ၊ဘေးနားမှ တိုင်းရင်းသူလေးက ဖျတ်ခနဲမတ်တတ်ရပ်၊လက်ပိုက်ရင်း ခပ်သွက်သွက်ဖြေပေးလိုက်၏။

"သူက ဗမာပြည်ကပါ"

ဆရာက တဟားဟား ရယ်လိုက်သဖြင့် အတန်းဖော်များကလည်း ဝိုင်း၍ရယ်ကြသည်။

"သူက ရန်ကုန်ကပြောင်းလာတာပါကွယ်။ ဗမာပြည်ဆိုတာ ဟောဒီလိုပုံနဲ့တစ်နိုင်ငံလုံးကိုခေါ်တာကွဲ့"။

ကျောက်သင်ပုန်းပေါ်တွင်မြေဖြူနှင့်မြေပုံအကြမ်းရေးဆွဲရင်းဆရာကရှင်းပြပါသည်။ အမှန်တော့ ကျောင်းပြောင်းလက်မှတ်ကိုကြည့်ပြီး ဆရာသိနှင့်ပြီးဖြစ်နေသော်လည်း အတန်းဖော်များနှင့်ရင်းနှီးစေရန် မိတ်ဆက်ပေးခြင်းဖြစ်မည်ဟု နောင်ကျမှတွေးမိသည်။ နေ့လယ်ထမင်းစားချိန်တွင် သူငယ်ချင်းသစ်လေး ငြိုငြင်မှာစိုးပေမယ့် အနည်းငယ် အတွန့်တက်လိုက်သေးသည်။

"ငါ . . ရန်ကုန်ကပြောင်းလာတာလေ"

"အေးလေ၊ ရန်ကုန်ဆိုတော့ ဗမာပြည်ကပေါ့။ ဟုတ်တယ်ဟုတ်၊ ငါတို့တွေကို မွန်ပြည်ကလို့ပြောတယ်ဟုတ်။ နင်က ဗမာဆိုတော့ ဗမာပြည်ကလာတာပေါ့"

သူပြောသည့်စကားမျိုးကို မကြားဖူးသဖြင့် အိမ်ပြန်ရောက်မှ ဖေဖေ့ကိုမေးကြည့်ရသည်။ ဖေဖေက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိကြောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားအားလုံး စုပေါင်းပါဝင်သည့်နိုင်ငံတစ်ခုလုံးကိုသာ ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်တွင်ကြောင်း ရှင်းပြခဲ့ပါသည်။

စာသင်နှစ်တစ်ခုပြီးတစ်ခု ကုန်လွန်ခဲ့သည်နှင့်အမျှ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ ကမ္ဘာ့ပထဝီ၊ မြန်မာ့ပထဝီ ဘာသာရပ်တို့ကို ပိုမိုသင်ကြားလေ့လာကြရပြီး နေ့ထူးနေ့မြတ်ကြီးများအကြောင်းကိုလည်း ပိုမိုနားလည်သိရှိလာရပါသည်။

အထူးသဖြင့် ပြည်ထောင်စုနေ့အခမ်းအနားကို မော်လမြိုင်မြို့ရှိ ဒိုင်းဝန်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသဖြင့် ကောင်းစွာမှတ်မိနေပါသည်။ အထက်တန်းကျောင်းများကို ကိုယ်စားပြုသည့် ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာဝတ်စုံများကိုလှပစွာ ဆင်မြန်းလျက် ပြည်ထောင်စုအလံကို စည်ကားစွာ ကြိုဆိုကြပြီး ပြည်ထောင်စုနေ့ကျရောက်သည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် အငြိမ့်၊ ဂီတ၊ တေးသရုပ်ဖော်ဖျော်ဖြေပွဲများ၊ ချား၊ ရဟတ်များ၊ မုန့်ဈေးတန်းများ၊ ဆိုင်ခန်းများဖွင့်လှစ်ကာ ခြိမ့်ခြိမ့်သဲသဲကျင်းပကြသောကြောင့် အလွန်ပျော်စရာကောင်းလှပေသည်။ တစ်ခါက ဖေဖေ့ကိုမေးကြည့်ဖူးသည်။

"ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဖေဖေ"

"အင်း . . သမီးနားလည်အောင်ပြောရရင် ပြည်ထောင်စုဆိုတာ မိသားစုကြီးတစ်ခုနဲ့တူတယ်။ မရှိအတူ ရှိအတူ နေထိုင်စားသောက်ကြတယ်။ တစ်ခါတလေ မောင်နှမအချင်းချင်း အခန့်မသင့်လို့သဘောထားကွဲလွဲတာ ရှိချင်ရှိမယ်။ စိတ်ကောက်တာမျိုး ရှိချင်ရှိမယ်၊ သူ့ကိုပိုချစ်တယ်၊ ငါ့ကိုဂရုမစိုက်ဘူးလို့ထင်ချင်ထင်မယ်။ အေး ဒါပေမယ့် တခြားလူတွေက ကိုယ့်မိသားစုကို ထိပါးမယ်တော့မကြဲနဲ့။ အရေးကြီးရင် သွေးနီးတယ်ဆိုတဲ့စိတ်နဲ့ ကိုယ့်မိသားစုကို စောင့်ရှောက်ကာကွယ်ကြတာ ပြည်ထောင်စုစိတ်ဓာတ်ပဲ။

ဖေဖေ့စကားက တိုတိုရှင်းရှင်းပင်။ ထိုအချိန်က ဖေဖေသည် နယ်စွန်နယ်ဖျားသို့ လုပ်ငန်းစစ်ဆေးရန် သွားမည်ဆိုလျှင် အစိုးရဝန်ထမ်းမှန်းမသိအောင် ဆံပင်အရှည်ထားပြီး အသုံးအဆောင်ပစ္စည်းကအစ ဂရုတစိုက် ထုပ်ပိုးကာ ရုပ်ဖျက်၍သွားလာရသည်။ တစ်ခါတစ်ရံ မြစ်ကြောင်းအတိုင်း အစုန်၊အဆန် ခုတ်မောင်းနေသော သင်္ဘောကို ကမ်းတစ်ဖက်တစ်ချက်ဆီက ညှပ်ပူးညှပ်ပိတ် လုပ်လျက် ပစ်ခတ်တိုက်ခိုက်ကြသေးသည်ဟု ဆိုပါသည်။

ကြာအင်းဂိတ်ကို ဝင်စီးသည့်ညတစ်ညကိုတော့ ဘဝမှာ ဘယ်တော့မှမမေ့နိုင်ပါ။ ဖေဖေက ခရီးထွက်နေသည်။ ညီမလေးရင်ကျပ်နေ၍ မေမေလည်း ဆေးရုံတက်နေရသည်။ အိမ်တွင်ကျန်ခဲ့သော ခြောက်လသားအရွယ် မောင်လေးအငယ်ဆုံးက စူးစူးဝါးဝါးငိုနေ၍ အကြီးသုံးယောက်က ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေဆဲ။ တဒိုင်းဒိုင်း တဒက်ဒက် သေနတ်သံများသည် ညဥ့်နက်အချိန်ဝယ် ပေါ်ထွက်လာခဲ့သည်။ 'မီးပိတ်'ဟု အမိန့်ပေးသံ၊ တာဝန်ရှိသူတို့ ပြေးလွှားလှုပ်ရှားသံများကြားမှာ ကလေး၏ ကျယ်လောင်သော ငိုကြွေးသံက မရပ်နားခဲ့။ အိမ်နီးချင်း အရာရှိကတော်အန်တီတစ်ယောက်က မှောင်မှောင်မည်းမည်းထဲပြေးလာပြီး မောင်လေး၏ဗိုက်ကို ပရုတ်ဆီလိမ်းပေးကာ ဂရိုက်မစ်ချာတိုက်ပေးတော့မှ လေနာသက်သာကာ အငိုတိတ်သွားသည်။ မောင်နှမသုံးယောက်သား မောင်လေးငယ်ကို ဝိုင်းဖက်ထားကာ တစ်ညလုံးနေခဲ့ရ၏။ အခြေအနေအားလုံး အေးချမ်းသွားခဲ့သော်လည်း ငယ်ဘဝ၏ ကြောက်ရွံ့ထိတ်လန့်မှုများသည် မသိစိတ်ထဲမှာ ခိုအောင်းပြီး စိတ်ဒဏ်ရာရတတ်ကြောင်းကိုတော့ မသိခဲ့ကြပါ။ ဂျော်ကီနှင့်တွေ့မှ သိခဲ့ရပါသည်။

ဂျော်ကီသည် ပင်လုံမှာ မွေးဖွားခဲ့သော ခွေးလေးတစ်ကောင်ဖြစ်သည်။ သူသည် မိုးခြိမ်းသံကြားတိုင်း ကြောက်ရွံ့တုန်လှုပ်ပြီး ဆောက်တည်ရာမရဖြစ်ကာ ချောင်ထဲမှာ မျက်လုံးအပြူးသားနှင့် တစ်ချိန်လုံးမတ်တတ်ရပ်နေတတ်သဖြင့် ပိုင်ရှင်များက လာပြပါသည်။ ရောဂါရာဇဝင်ကို တစ်စစီဆွဲထုတ်မေးမြန်းရင်း သူသုံးလသားအရွယ်မှာ ပင်လုံတွင် တိုက်ပွဲဖြစ်ပွားသောကြောင့် ခွေးလေးကိုပွေ့ချီပြီး ထွက်ပြေးခဲ့ရသည့်အကြောင်း ပေါ်ပေါက်လာသည်။ ဗုံးပေါက်သံကို ကြားဖူးသည့် အတွေ့အကြုံ၏ ခြောက်လှန့်မှုကြောင့် မိုးခြိမ်းသံကြားရတိုင်း၊ သူကြောက်လန့်သည့်အချိန်တိုင်း အိပ်ဆေးတိုက်ခိုင်းပြီး သက်သာအောင်လုပ်ခဲ့ရသည်မှာ သူ့သက်တမ်းကုန်ဆုံးသည့် အသက် ၁၀ နှစ်ကျော်အထိပင်ဖြစ်သည်။

တိရစ္ဆာန်ငယ်လေးတစ်ကောင်သည်ပင် စိတ်ဒဏ်ရာရတတ်သေးလျှင် ငြိမ်းချမ်းမှုမရှိသော၊ လုံခြုံမှုမရှိသော၊ တရားဥပဒေစိုးမိုးမှုမရှိသော ဒေသများမှ ပြည်သူပြည်သားတို့၏ စိတ်ဒဏ်ရာက ပိုမိုနက်ရှိုင်းပေလိမ့်မည်။

စစ်ဘေးရှောင်ပြည်သူ ပြည်သားများ၊ စစ်ဘေးဒဏ်ခံစားနေရသည့် ပြည်သူပြည်သားများသာမက မြို့ပြကျေးလက်မကျန်လူမျိုးမရွေး၊ ဘာသာမရွေး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတို့မှာ အရေးကြီးသော အထောက်အပံ့ကောင်းများဖြစ်ကြပါ၏။

ကျေးလက်နှင့်မြို့ပြ၊ ပြည်နယ်နှင့် ပြည်မတို့ကြားကွာဟချက်ကို ကျဉ်းမြောင်းအောင်လုပ်ဆောင်ရေးတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုသည် အဓိကနေရာမှာ ရှိနေသည်ဟု ထင်မြင်မိပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက စာတတ်မြောက်ရေးလုပ်အားပေးအဖြစ် သင်္ဘောတစ်တန်၊ ကားတစ်တန်၊ လှည်းတစ်တန်၊ ခြေကျင်ခရီးပါမကျန် ရိုးမနှင့်နီးသော ကျေးလက်ဒေသများသို့ သွားရောက်ခဲ့သောအခါ ထိုဒေသရှိ သက်ကြီးဝါကြီးတို့၏ ရင်တွင်းဆန္ဒတစ်ခုကို ကြားသိရတော့ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဒီဘဝမှာ ရွှေတိဂုံဘုရားကြီးကို ဖူးခွင့်ရရင် သေပျော်ပါပြီတဲ့။

ဤစကားသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို ညွှန်ပြနေသကဲ့သို့ ဖြစ်နေသည်။ သို့ရာတွင် ရုပ်မြင်သံကြားစက်များ ပေါ်ထွန်းလာသည့်ခေတ်မှာ ရွှေတိဂုံဘုရားကြီးကိုသာမက အနယ်နယ်အရပ်ရပ်ရှိ စေတီပုထိုးများကို မြေကြော့ရှုံ့လိုက်သလို ဖူးတွေ့နိုင်ကြပြီဟုထင်ပါသည်။

ပညာရပ်ဆိုင်ရာကိစ္စများအတွက် မြန်မာပြည်၏ ကျေးလက်ဒေသများသို့ လေ့လာရေးထွက်သောအခါ ထိုဒေသများတွင် မိရိုးဖလာအလုပ်များ၊ မိဘလက်ငုတ်လက်ရင်းကိုလုပ်ကိုင်မည့်သူများ ရှားပါးကြောင်း သိရှိရသည်။ ထန်းတက်မည့်သူမရှိသောကြောင့် နွားစာခွက်ဖြစ်သွားသော ထန်းလုံးကြီးများ၊ သားသမီးများ မြို့ပေါ်တက်၍ အလုပ်လုပ်ကြသောကြောင့် သက်ကြီးရွယ်အိုများပါ အလုပ်လုပ်နေရသောဘဝများကို မျက်မြင်တွေ့ခဲ့ရပါသည်။

မြို့ပြဒေသရှိ အခြေခံလူတန်းစားများနှင့် လူလတ်တန်းစားများ၏ ဘဝများကို လေ့လာကြည့်လျှင်လည်း မိသားစုဝင်အားလုံးနီးပါး အလုပ်လုပ်ကြရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်သူလူထုသည် နယ်ချဲ့ခေတ်၊ ဖက်ဆစ်စနစ်ဆိုးများကို ကျော်ဖြတ်ခဲ့ရသည်။ ကျူးကျော်သူများ၏ရန်ကို တွန်းလှန်၍ တိုင်းရင်းသားအားလုံးတို့ တညီတညွတ်တည်း ကြိုးပမ်းပြီး လွတ်လပ်ရေးအား အရယူနိုင်ခဲ့ပြီးပြီ။ အတိတ်ကာလက ဘိုးဘေးတို့၏ အသက်၊သွေး၊ ချွေးတို့ဖြင့် ရင်းနှီးခဲ့ရသောကြောင့် လွတ်လပ်ရေး၏ အသီးအပွင့်တို့ကို ခံစားကြရခြင်းဖြစ်သည်။ ယခုအချိန်မှာကောင်းသောအတွေး၊ ကောင်းသောဆန္ဒများဖြင့် လုပ်ဆောင်မှုမှန်သမျှသည် နောင်အနာဂတ်ကာလတွင် ကောင်းသောအသီးအပွင့်များအဖြစ် ပေါ်ထွက်လာနိုင်မှာ သေချာပါသည်။

ကျော်ဖြတ်ခဲ့ရသည့်ကာလ ခရီးရှည်ကြီးတွင် တိုင်းရင်းသားပြည်သူလူထု၏ မသိစိတ်ထဲမှာ ဒဏ်ရာများ၊ ထိတ်လန့်ကြောက်ရွံ့မှုများ၊ အမုန်းနှင့်အာဃာတများ၊ စိုးရိမ်မှုများ၊ မလုံခြုံမှုများရှိနေနိုင်သည်။ ထိုဒဏ်ရာများကြောင့်ပင် အချို့က သူတစ်ပါးကို အပြစ်တင်ကြသည်။ အချို့က ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကြသည်။ မိမိ၏ စိတ်ဒဏ်ရာကို ကုစားနိုင်သည်မှာ မိမိတို့ကိုယ်တိုင်ပင်ဖြစ်ပါသည်။

ယခုပစ္စုပ္ပန်အချိန်သည် အရေးအကြီးဆုံးအချိန်ဖြစ်သည်။ မြန်မာနိုင်ငံထက် များစွာခေတ်နောက်ကျနေခဲ့သော နိုင်ငံအချို့တို့သည် မိမိတို့၏ အတိတ်ကဒဏ်ရာများကို တယုတယပိုးမွေးသလို မမွေးမြူတော့ဘဲ လက်ရှိအချိန်ကို အရှိအတိုင်းလက်ခံပြီး အကျိုးရှိအောင် ဆောင်ရွက်ကြခြင်းကြောင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာကြသည်ကို သက်သေပြနိုင်လာပါသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ပြည်ထောင်စုစိတ်ဓာတ်၏ နမူနာကောင်းများကို မမေ့လျော့ဘဲ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ကာ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို တိုးတက်မြင့်မားအောင် လုပ်ဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုရင်း နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုလိုက်ရပါတော့သည်။

**ကျော်ဖြတ်ခဲ့ရသည့်ကာလ ခရီးရှည်ကြီးတွင် တိုင်းရင်းသားပြည်သူလူထု၏ မသိစိတ်ထဲမှာ ဒဏ်ရာများ၊ ထိတ်လန့်ကြောက်ရွံ့မှုများ၊ အမုန်းနှင့် အာဃာတများ၊ စိုးရိမ်မှုများ၊ မလုံခြုံမှုများရှိနေနိုင်သည်။ ထိုဒဏ်ရာများကြောင့်ပင် အချို့က သူတစ်ပါးကို အပြစ်တင်ကြသည်။ အချို့က ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကြသည်။ မိမိ၏ စိတ်ဒဏ်ရာကို ကုစားနိုင်သည်မှာ မိမိတို့ကိုယ်တိုင်ပင်ဖြစ်ပါသည်။**

## မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ပြည်နယ်ရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီး၍ မွန်ပြည်နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်းက အဓိကကူညီပံ့ပိုးပြီး မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် မွန်ပြည်နယ်ရှုခင်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ရောင်စုံဓာတ်ပုံ ဖိတ်ခေါ်ပြိုင်ပွဲကို မွန်ပြည်နယ်ရှုခင်းအလှ ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပြိုင်ပွဲဝင်ပုံစံများကို မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများနှင့် ရတနာမြိုင်ရုပ်သံ၊ရုပ်ရှင်၊တေးဖြန့်ချိရေး၊ ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးရေးနှင့် စတူဒီယိုတို့တွင် ထုတ်ယူနိုင်ပြီး ပြိုင်ပွဲဝင်ပုံများကို ၂၀၁၇ ခုနှစ် မတ် ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းနှင့် နှစ်သိမ့်ဆု ကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုပေးပွဲကို (၇၃)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ပင်လုံစိတ်ထား အစဉ်နှီးကြား
ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်

# ရခိုင်ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း (၃၆၅၆ ဒသမ ၈၂၀)သုံးစွဲရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်သူများလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ်စက်ရုံနှင့် ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံတို့မှာ အကြီးစားပြုပြင်မွမ်းမံမှုလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားလိုက်သည်။

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြစဉ် ဒုတိယန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဘီလူးချောင်း(၁)စက်ရုံပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်-မြန်မာ အင်ဂျင်နီယာများမှ ခြောက်ကြိမ်တိုင်တိုင် သွားရောက်စစ်ဆေးမှုများဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဘီလူးချောင်း (၁) စက်ရုံကို စွမ်းအားပြည့်လည်ပတ်နိုင်ရန်အတွက် မဖြစ်မနေပြုပြင်မှုများ ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ပါကြောင်း၊ ပြုပြင်မှုကာလမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံမှာလည်း သက်တမ်းအားဖြင့် ၂၈ နှစ်ရှိပြီ ဖြစ်ပါကြောင်း၊ စက်များမှာလည်း စွမ်းရည်ကျဆင်းလာပြီဖြစ်သည့်အတွက် အလုံးစုံပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ အဆိုပါ စက်ပစ္စည်းများ ပြုပြင်မှုကာလကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံကို အကြီးစားပြုပြင်မွမ်းမံခြင်းဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်မည်ဖြစ်ပြီး ပြည်သူများလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည့်စီမံကိန်းဖြစ်ပါကြောင်း၊ ချေးငွေစည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလ(၁၀)နှစ်၊ ပြန်ဆပ်ကာလနှစ်(၃၀)ဖြင့် ချေးငွေသက်တမ်းမှာ နှစ်(၄၀)ဖြစ်ပြီး အတိုးနှုန်းတစ်နှစ်လျှင် (သုည ဒသမ သုည) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အတိုးနှုန်းအတွက်တစ်နှစ်လျှင် နှစ်ကြိမ်ပေးရမည်ဖြစ်ပြီး အရင်းငွေမှာ ဆိုင်းငံ့ကာလ ကုန်ဆုံးချိန်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ ယခုချေးငွေအား သက်သာသော ချေးငွေ ဟုတ် မဟုတ် ဆန်းစစ်ရာတွင် Grant Element ၆၉ ဒသမ ၂၁ ရာခိုင်နှုန်းရရှိသဖြင့် သက်သာသောချေးငွေ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

အဆိုပါချေးငွေချေးယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း (၃၆၅၆ ဒသမ ၈၂၀) ခွဲဝေသုံးစွဲရန်ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ဖြင့်ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေပြွန်၊ ကျေးရွာချင်းဆက်လမ်းခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း၊ လမ်းကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါကိစ္စရပ်သည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီအနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

သီးသန့်ရန်ပုံငွေသုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသဘောထားမှတ်ချက်ကို အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးမင်းသိန်းက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် တံဆိပ်ခေါင်းခွန်အတွက် အိမ်၊ ခြံ၊ မြေရောင်းဝယ်မှုအပေါ် မှတ်ပုံတင်စာချုပ်ပြုလုပ်ခြင်းများမှ ရရှိသော်လည်း စာချုပ်လျှော့ချ ချုပ်ဆိုမှုများ ရှိနေသေးသည်ကိုတွေ့ရပါကြောင်း၊ ဝင်ငွေခွန် စည်းကြပ်ရာတွင် အခွန်ထမ်း၏ လိုက်နာရန် အချက်အလက်အားနည်းနေပြီး ဌာန၏ လိုသလိုပုံဖော်စည်းကြပ်မှုများကြောင့် လာဘ်ပေးလာဘ်ယူများရှိနေပြီး မအောင်မြင်သည့်လုပ်ငန်းများအတွက် ဝန်ထုတ်ဝန်ပိစေပြီး လုပ်ငန်းရှင်ကြီးများမှ အလိုက်သင့်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

နိုင်ငံအဆင့်အခွန်ငွေအများဆုံးပေးသွင်းသည့် လုပ်ငန်းရှင်များကို Top 10 စာရင်း ထုတ်ပြန်သကဲ့သို့ မြို့နယ်အဆင့်များမှာလည်း ထိုသို့ ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းသူများနှင့် ဝန်ထမ်းများအကြား ညှိနှိုင်းမှုမရှိရလေအောင် ပြည်သူများအကြားတွင် ထင်သာမြင်သာဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အလားတူ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီတို့က ဆွေးနွေးကြသည်။ **မျိုးမြင့် (သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။



ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu တို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့သည် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ နေပြည်တော်ရှိ နယ်မြေခံလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး မြန်မာ့တပ်မတော် အထူးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သရုပ်ပြသနေမှုများ၊ လေ့ကျင့်ရေးကွင်းတည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

**○ စာမျက်နှာ ၅ မှ**

တစ်နေ့လျှင် ရေဂါလန်တစ်သန်း ပို့လွှတ်နိုင်ပြီး ပဲခူးမြို့ရှိ မူလ ရပ်ကွက် ၁၂ ခုကို သောက်သုံးရေကောင်းမွန်လုံလောက်စွာ ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ကန်တော်ကြီး၏ ရေဝေရေလဲသစ်တောဧကေ ၇၅၀ ကို ရော်ဘာစိုက်ရန် ပုဂ္ဂလိကကိုပေးခဲ့ရာမှ စတင်ပြီး ကန်အတွင်း နုန်းအနည်ကျမှု များလာပါကြောင်း၊ ရေစီးဝင်လာမှု နည်းပါးလာကြောင်း၊ ရေအရည်အသွေးလည်း ကျဆင်းလာပါကြောင်း၊ ၂၀၀၆ ခုနှစ် မေလအတွင်း စစ်ဆေးချက်များအရ ပိုးမွှားများပါကျရောက်နေသည့်အတွက် သောက်ရန်မသင့်၊ သုံးရန်သာသင့်သည်ဟူသည့် ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်ချက်ကို ရရှိခဲ့ပါကြောင်း၊ ပဲခူးမြို့သည် ယခုအခါတွင် ရပ်ကွက်ပေါင်း(၉၄)ခု၊ လူဦးရေ သုံးသိန်းခန့် တိုးတက်လာသည့်အပြင် ကန်တော်ကြီး၏ ရေပေးဝေမှုလည်း ကျဆင်းလာသည့်အတွက် ရပ်ကွက်အတော်များများတွင် စက်ရေတွင်းများ တူးရပါကြောင်း၊ အချို့က ရေချိုရေကောင်းရသော်လည်း အချို့မှာ မရပါကြောင်း၊ အခြားနိုင်ငံများရှိ မြို့ရွာများတွင် ရေချိုရရှိရန် ငွေကုန်ကြေးကျခံကာ လုပ်ဆောင်နေကြရသော်လည်း ပဲခူးမြို့၏ အနေအထားမှာ မိုးရေကိုလည်း ရရှိပါကြောင်း၊ ရေလှောင်ရန် ကန်ကြီးလည်း ရှိပါကြောင်း၊ ယင်းကန်ကြီးကို စနစ်တကျပြုပြင် ထိန်းသိမ်းမည်ဆိုပါက ပဲခူးမြို့အတွက် လုံလောက်မည့်၊ တာရှည်အသုံးပြုနိုင်မည့် ရေအရင်းအမြစ်တစ်ခု ရရှိမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတများ ထုတ်ဖော်နိုင်ရန်အတွက် ဆည်များ၊ ရေလှောင်တမံများနှင့် ရေရရှိရေးလုပ်ဆောင်ရာတွင် ထာဝစဉ်တည်တံ့ပြီး အသုံးပြုနိုင်ရေးအတွက် သဲနုန်းကျဆင်းမှု လျော့နည်းစေရေးနှင့် ရေအရည်အသွေးပြည့်မီရေးအတွက် ရေဝေရေလဲဒေသများရှိ သစ်တောများကို ထိန်းသိမ်းရပါကြောင်း၊ ထို့အတွက် ပဲခူးမြို့၏ ရှိရင်းစွဲ ရေသယံဇာတ အရင်းအမြစ်ဖြစ်သည့် ကန်တော်ကြီးရေလှောင်တမံကြီးကို ပြုပြင်ထိန်းသိမ်းပြီး အရှည်တည်တံ့စွာရှိနေရန် လိုအပ်သကဲ့သို့ ယင်းသို့ ထိန်းသိမ်းရာတွင် အခရာကျသည့် ကန်တော်ကြီးရေဝေရေလဲဒေသ ရေကာတောများကို နဂိုမူလအတိုင်း ပြန်လည်ထူထောင်နိုင်ရန်မှာလည်း အရေးတကြီး လိုအပ်နေပါကြောင်း၊ ထို့အတွက် သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဆိုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ၎င်း၏ အဆိုကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြရာ လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားကိုရယူပြီး အတည်ပြုသည်။

**အောင်နိုင်(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၃-၂-၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် (၂-၁-၂၀၁၇)ရက်နေ့မှ (၁၃-၁-၂၀၁၇)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ (၃)ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ (၁)ဦး၊ ဂျာနယ် (၂)ဦး၊ မဂ္ဂဇင်း (၁)ဦးနှင့် အထွေထွေ (၅)ဦး ပေါင်း (၉)ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ (၁)ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း (၁၄၀၈)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း (၂၀၁၆)ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း (၅၆) ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း (၃၄၈၀) ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦးနှင့် ဂျာနယ်အသစ်လျှောက်ထားသူ (၁)ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မြန်မာနှင့်ထိုင်းနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် မြန်မာနှင့် ထိုင်းနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မြဲရေး ရည်ရွယ်ကြောင်း၊ CLMVT နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပါက အာရှ၏ အရေးပါသည့် နိုင်ငံများအဖြစ် အင်အားတောင့်တင်းလာနိုင်ကြောင်း၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ၏ နယ်နိမိတ်ထိစပ်မှုမှာ ကီလိုမီတာ ၂၀၀၀ ကျော်ရှိကြောင်း၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စွမ်းအင်ကဏ္ဍသည် အဓိကကျကြောင်း၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်မည့်အပိုင်းများတွင် ထိုင်းနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ရှိကြောင်း၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လိုအပ်ချက်မှာလည်း အဓိကကျကြောင်း၊ နည်းပညာ ဖွံ့ဖြိုးမှုပိုင်းနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှုပိုင်းများအတွက် ပညာသင်ဆုများ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးတိုးတက်မှု အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန်လည်း ထိုင်းစီးပွားရေးလုပ်ငန်းရှင်များက စီစဉ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးကို လမ်းညွှန်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထိုင်းနှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak သည် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ပြီး သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံရာတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးမှုလီမိတက် (MJTD) ၏ဒုတိယဥက္ကဋ္ဌ ဦးသူရိန်အောင်က လက်ရှိ လုပ်ငန်းလည်ပတ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် ထိုင်းလုပ်ငန်းရှင် ၁၀ ဦးက လက်ရှိလုပ်ငန်း လည်ပတ်လျက်ရှိသည့် အခြေအနေကို ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များသည် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး ထိုင်းနိုင်ငံမှလာရောက်ဖွင့်လှစ်ထားသည့် MILLCON THIHA GEL သို့သွားရောက်ကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ပုဂံမြို့သို့ရောက်ရှိ

**ပုဂံ ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Dr. Somkid Jatusripitak နှင့်အဖွဲ့သည် ယနေ့ညနေ ၆ နာရီခန့်တွင် ပုဂံမြို့သို့ ရောက်ရှိသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်းသိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အေဝမ်းစိုး**



# ယခုနှစ် ဇန်နဝါရီလအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၇၀၀ ကျော် သိမ်းဆည်းရမိ


**ရန်ကုန် ဖေဖော်ဝါရီ ၃**

ယခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၇၀၀ ကျော်ရှိကုန်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ အရေးယူမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ တားဆီးဖမ်းဆီးမှု စုစုပေါင်း ၁၁၀ မှု ရှိခဲ့ပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၃ ဒသမ ၄၅ သန်းအား တားဆီးဖမ်းဆီးရရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖမ်းဆီးမှုများတွင် ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်)တွင် လေကြောင်းခရီးစဉ်အမှတ် PG-701 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ Super Slim " ESSE" Light (20x10) Cigarettes 935 တောင့်၊ Super Gold "ESSE"(20x10) Cigarettes 100 တောင့်၊ စုစုပေါင်း ၁၀၃၅ တောင့်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ငါးသန်းခန့်အား တွေ့ရှိ၍ တားဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(၀၀၁)**



# တံတားတည်ဆောက်ခြင်းလုပ်ငန်းများစစ်ဆေး



**သထုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လုပ်ငန်းများအား ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းတို့သည် ဖေဖော်ဝါရီ ၁ ရက်တွင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးနှင့်အတူ ခရိုင်ချင်းဆက်လမ်းအမှတ် (၂) သထုံမြို့နယ်အပိုင်းနှင့် ကျိုက်ထိုမြို့နယ်အပိုင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကျုံမကူးချောင်းနှင့် ဝင်းကံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မင်းတပ်မြို့၌ မဟာဓာတ်အားလိုင်းရရှိ၍ အသုံးပြုလျက်ရှိ

**မင်းတပ် ဖေဖော်ဝါရီ ၃**

ချင်းပြည်နယ် မင်းတပ်မြို့၌ မဟာဓာတ်အားလိုင်း (၆၆) KVဓာတ်အားလိုင်း ရရှိအသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ(၆၆)KV မဟာဓာတ်အားလိုင်းကို ဇန်နဝါရီ ၃၁ ရက်က မြို့တွင်းဓာတ်အားလိုင်းများ (၁၁/၀. ၄) KV ဓာတ်အားခွဲရုံများနှင့် ချိတ်ဆက်စမ်းသပ်၍ ညနေ ၄ နာရီခွဲတွင် (Grid System) ဖြင့် အများပြည်သူများအား စတင်၍ လျှပ်စစ်မီးဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရသည်။

**ဂဝေ(IPRD)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ခေါင်းဆောင်ပိုင်းသာမက Senior Level၊ Junior Level အပြန်အလှန် ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်နိုင်ရေး၊ သင်တန်းဆိုင်ရာ ကိစ္စရပ်များ ပိုမိုမြှင့်တင်လုပ်ဆောင်ရေး၊ တပ်မတော်(ကြည်း၊ရေ၊လေ) အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များလာရောက်ရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းမှုကို လိုလားကြောင်း၊ ကိုရီးယားကျွန်းဆွယ်အား တည်ငြိမ်အေးချမ်းပြီး နျူကလီးယားကင်းမဲ့ဇုန်ဖြစ်စေလိုကြောင်း၊ ကိုရီးယားနှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်အားလုံးကိုလည်း ထောက်ခံပါကြောင်း ပြောကြားခဲ့ပြီး ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ကလည်း ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကိုရီးယားတပ်မတော်အနေဖြင့် အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❖YBS ယာဉ်လိုင်းမှ**

ယင်းသို့ ခရီးစဉ်ပိုင်းဖြတ်မှုအပေါ် ကောက်ခံစေရန် ညှိနှိုင်းနေပြီး အချို့ယာဉ်လိုင်းများမှာမူ ယာဉ်စီးခပိုမိုကောက်ခံနေမှုကြောင့် ခရီးသည်များနှင့်ယာဉ်လုပ်သားများမှာ မကြာခဏစကားများ လျက်ရှိနေသည်ဟု ခရီးသည်များက ပြောသည်။

အဆိုပါ ပြဿနာရပ်များအပေါ် အဖြေရှာဆောင်ရွက်ရန်မှာ ဘတ်စ်ကားလိုင်းများအားလုံး ကတ်စနစ်သုံး ငွေပေးချေစနစ် အသုံးပြုနိုင်ပါက အဆင်ပြေနိုင်မည်ဖြစ်ပြီး ယာဉ်နောက်လိုက်နှင့် ပြဿနာဖြစ်ပွားခြင်းများလည်း မရှိနိုင်တော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လိုအပ်နေသော ခရီးသည်တင်ယာဉ်များအတွက် ပြည်ပမှ ဝယ်ယူတင်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိ YBS ဘတ်စ်ကားလိုင်းများ၏ အများပိုင်ကုမ္ပဏီ ဖွဲ့စည်းထူထောင်မှုကိုလည်း အမြန်ဆုံးဆောင်ရွက်နိုင်ရန် တွန်းအားပေးလျက်ရှိကြောင်းသိရသည်။ ယင်းအပြင် ဘတ်စ်ကားများတွင် ဂျီပီအက်စ်စနစ်တပ်ဆင်ခြင်းကို ဆောင်ရွက်နေပြီး ကတ်စနစ်သုံးငွေပေးချေစနစ် အမြန်ဆုံးဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဝဝ၁)**

---

# မရမ်းကုန်းမြို့နယ်အတွင်းရှိ မီးဘေးသင့်ပြည်သူများအား သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့မှုများ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက်အတွင်းရှိ မီးဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သိရသည်။

"မီးဘေးသင့် ပြည်သူတွေနဲ့ သီလရှင်တွေကို အဝတ်အထည်တွေနဲ့ လိုအပ်တဲ့ အစားအသောက်တွေကို ထောက်ပံ့ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ဘေးသင့်ပြည်သူတွေထံကို အမြန်ဆုံး ထောက်ပံ့မှုတွေ လုပ်ပေးခဲ့ပါတယ်။ ထောက်ပံ့မှုတွေလုပ်တဲ့ အခါမှာလည်း အစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ဆောင်ရွက်ခဲ့တာပါ"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါရပ်ကွက် ဇေယျာခေမာလမ်းတွင် ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အိမ်ခြေ ၂၉လုံး မီးလောင်ဆုံးရှုံးခဲ့သည်။




ထိုမီးလောင်မှုကြောင့် အိမ်ထောင်စု ၇၅ စုမှ မီးဘေးသင့်ပြည်သူ ၄၇၂ ဦးနှင့် သီလရှင်ကျောင်း ၁၀ ကျောင်းမှ သီလရှင် ၁၅ ပါးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၉၉၁၂၀၀ နှင့် ဆန် ၄၆ အိတ်၊ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပါ ၇၅ ပုံး၊ huawei family kit ၇၅ ပုံး၊ ခေါက်ဆွဲခြောက်ဖာ ၈၀၊ ရေသန့် ၁၂၀၀ ကတ်နှင့် စားသုံးဆီ၊ မြက်ဖျာ၊ သကြား၊ အဝတ်အထည်နှင့် သီလရှင်ဝတ်စုံများ ၊ မီးလောင်ဆုံးရှုံးသွားသော သီလရှင်ကျောင်းများနှင့် အိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၇၈၀၀၀၀၀၊ သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းတို့ အပါအဝင် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၈၉၁၂၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ အဆိုပါ မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မီးဘေးသင့်ပြည်သူများနှင့် သီလရှင်များ၏ လက်ဝယ်သို့ အရောက် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည့်အပြင် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

---

**❂ မြန်မာဘောလုံးအသင်းမှ**

ယခုနှစ်တွင် အာရှဖလားခြေစစ်ပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(က)၌ ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် ကျရောက်နေပြီး ၁၉၆၈ ခုနှစ် ပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဇန်နဝါရီလတွင် တရုတ်ဖိတ်ခေါ်အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး ဧပြီလတွင် အာရှဖလားခြေစစ်ပွဲ၊ မေလတွင် အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ ဩဂုတ်လတွင် (၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိသည်။ ဦးကြည်လွင် ဆက်လက်တာဝန်ယူမည့် မြန်မာယူ-၂၂ အသင်းသည် အပတ်စဉ်ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်လျက်ရှိပြီး ဇွန်လတွင် စတင်စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာယူ-၂၂အသင်းသည် ရန်ကုန်မြို့၌ ကျင်းပမည့် ဆီးဂိမ်းအကြို လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇူလိုင်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ ဩဂုတ်လတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀အသင်းမှ ကစားသမားများ၊ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောကြောင့် မြန်မာယူ-၂၂ အသင်းသည် အင်အားတောင့်တင်းလျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာလတွင် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိစေရန် မြန်မာ ယူ-၁၈ အသင်းအား ကာလရှည်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းကို ကစားသမား ၅၀ ဖြင့် နှစ်သင်းခွဲ၍ ဖွဲ့စည်းထားပြီး အတွေ့အကြုံရစေရန် ဖီးနစ်အသင်းအမည်ဖြင့် ပထမတန်းပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းအသင်းသည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပြီးတွင် အာရှ ယူ-၁၉ ခြေစစ်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းကိုလည်း မကြာမီဖွဲ့စည်းကာ လေ့ကျင့်ပြင်ဆင်မည်ဖြစ်ပြီး အမျိုးသမီးအသင်းကို နည်းပြအဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်သည်။ ဦးဌေးမြင့်သည် အမျိုးသားအသင်းကို ယာယီကိုင်တွယ်ခဲ့ရာတွင် ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယနေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အမျိုးသားဖူဆယ်အသင်းကို နိုင်ငံခြားသားနည်းပြခန့်အပ်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် အသက်ပြောင်းလဲကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ လေ့ကျင့်ပြင်ဆင်နေပြီး အမျိုးသားအသင်းမှာ ယူ-၁၄ အသင်းဖြင့် ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ ယူ-၁၄ အသင်းကို လက်ရှိတွင် ပြင်သစ်နိုင်ငံသား ဘန်လာဘီက ကိုင်တွယ်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်တွင် လက်ရွေးစင်အသင်းများနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှာ နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာ့လက်ရွေးစင်အသင်းက ဆူဇူကီးဖလားပြိုင်ပွဲတွင် တတိယနေရာရရှိခဲ့သည်။ ယခုနှစ်တွင် အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ထူးခြားသည့်စွမ်းဆောင်မှုများ ပြသနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

---

**❍ ကျော့ဖုံးမှ**

အောင်ဝင်းဇော် (၄၆)နှစ်၊ (ဘ)ဦးအောင်သန်းကို ပြစ်မှုဖြစ်ပွားပြီး ၁၂ နာရီအတွင်း၊ ဇန်နဝါရီ ၃၀ ရက်နေ့ နံနက် ၄ နာရီ ၂၀ မိနစ်အချိန်တွင် သံလွင်တံတား(ဘားအံ)၌ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သတင်းကွင်းဆက်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိရာ ဖော်ထုတ်ရရှိမှုအခြေအနေများပေါ်မူတည်၍ ပြည်သူသို့ အသိပေးတင်ပြသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်သူများအနေဖြင့် ဘာသာရေးနှင့် လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများကို အထူးသတိပြုကြပါရန်၊ ယခုဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်ဆောင်မှုများ တွေ့ရှိခဲ့ပါက တာဝန်ရှိသူများထံ အမြန်ဆုံးဆက်သွယ်အသိပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။ ။



ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ အောင်ဝင်းဇော် (၄၆)နှစ်၊ (ဘ)ဦးအောင်သန်း။

# ရန်ကုန်၌ ကိုးရက်အတွင်း တရားမဝင်သစ် တန် ၈၈၀ ကျော် (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်) သိမ်းဆည်းရမိ

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဝင်းနန္ဒာ**

ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ကျွန်းသစ်ခွဲသား ၃၃ တန်ကျော်ကို ဇန်နဝါရီ ၂၄ ရက်က သိမ်းဆည်းရမိခဲ့သည်မှအစပြု၍ သတင်းကွင်းဆက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များကို သစ်တောဦးစီးဌာနက ဆက်တိုက်သိမ်းဆည်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကိုးရက်တာအတွင်း ကျွန်း ၃၅ တန်ကျော်၊ ပိတောက် ၈၁၈ တန်ကျော်၊ တမလန်း ၂၃ တန်(စိစစ်ဆဲ)နှင့် ကုက္ကိုနှစ်တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၈၀၀ ကျော် (ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်)ကို သစ်တောဦးစီးဌာနက သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပွဲစား၊ ခြံရှင်၊ ဂိုဒေါင်မှူး၊ ဂိုဒေါင်ပိုင်ရှင်နှင့် ဂိုဒေါင်ငှားသူတို့ကို သစ်တောဥပဒေ ၄၃(က)၊ ၄၂(ခ) တို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဆက်တိုက်သိမ်းဆည်းရခဲ့မှုနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**(ယမန်နေ့မှအဆက်)**

**ဦးသိန်းတိုး (ညွှန်ကြားရေးမှူး)**
**သစ်တောဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)**

**မေး။ ။ ရန်ကုန်မှာ တရားမဝင်သစ်တွေ ဆက်တိုက်ဖမ်းဆီးရမိမှုအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။ ပါဝင်သက်ဆိုင်သူတွေကို ဘယ်လို အရေးယူဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ပိတောက်သစ်တွေ ရန်ကုန်သို့ စီးဝင်လာမှုနဲ့ ပတ်သက်ပြီး မြေပြင်မှာ သတင်းအချက်အလက်တွေ စုံစမ်းထောက်လှမ်းတယ်။ ရန်ကုန်အဝင်မှာရှိတဲ့ မှော်ဘီ သစ်တောစစ်ဆေးရေးဂိတ်၊ လှည်းကူးစစ်ဆေးရေးဂိတ်တွေမှာ ဖမ်းဆီးရမိတာကို စစ်ဆေးကြည့်တဲ့အခါ ပိတောက်သစ်တွေများတယ်။ ရန်ကုန်မှာ ပိတောက်သစ်မထွက်ဘဲ ပိတောက်သစ်တွေ အဝင်များနေတယ်။ ဒီအပေါ်မှာ မသမာမှုတွေ လုပ်နေတာလားဆိုပြီး စုံစမ်းရတယ်။ သစ်တောထောက်ခံချက်ထုတ်ပေးတဲ့အဖွဲ့ကို သတင်းတွေချပေးပြီး စုံစမ်းစေတယ်။ ရန်ကုန်ကိုဝင်လာတဲ့ သစ်အများစုက ပင်လယ်ဆိပ်ကမ်းကနေ ပြည်ပပို့ဖို့ဖြစ်နေတယ်။ ရန်ကုန်မှာ ပိတောက်သစ်သုံးတာ ဒီလောက်မရှိနိုင်ဘူးလို့ ကောက်ချက်ချပြီးနောက် ကုန်သေတ္တာတွေနဲ့ တရားမဝင် တင်နေတာရှိလားဆိုပြီး မြေပြင်မှာ စုံစမ်းပါတယ်။ တွေ့ရှိချက်တွေအရ MIP ဝင်းမှာ ကွင်းဆက်အဖြစ် ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သိန်းပေါင်း ၂၆၀၀၀ ကျော် ဖမ်းဆီးရမိပါတယ်။

ကုန်သေတ္တာနှစ်လုံးဖမ်းမိစဉ်က စာရွက်စာတမ်းထုတ်လုပ်ပေးတဲ့ ကုမ္ပဏီရဲ့ MD နဲ့တကွ စာရွက်စာတမ်းတွေ အသုံးပြုပြီး ဝန်ဆောင်မှုဆောင်ရွက်တဲ့သူတွေကို အလုံရဲစခန်းမှာ အမှုဖွင့်ထားပါတယ်။ ကုန်သေတ္တာနှစ်လုံး



ဦးသိန်းတိုး (ညွှန်ကြားရေးမှူး)
သစ်တောဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)

အပါအဝင် ၁၃ လုံးကို မြေပြင်စုပုံခွင့်တောင်းထားတဲ့ ကုမ္ပဏီရဲ့ တာဝန်ရှိသူကိုလည်း အလုံရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားပါတယ်။ မင်္ဂလာဒုံခြံနဲ့ပတ်သက်ပြီး မြေငှားထားတဲ့ ခြံရှင်၊ ဝန်ထမ်းတွေကိုကြီးကြပ်ပြီး သစ်ကားတွေ အတင်အချပြုလုပ်တဲ့ ဝန်ထမ်း၊ ခြံစောင့်ကိုလည်း သစ်တောဥပဒေ ပုဒ်မ၄၂(ခ)နဲ့ မင်္ဂလာဒုံ တရားရုံးမှာ အမှုဖွင့်တိုင်ကြားထားတယ်။ ရွှေပြည်သာမှာဆိုရင် ဂိုဒေါင်တွေကို ငှားရမ်းတဲ့ပိုင်ရှင်၊ စက်ရုံမှူးတွေကိုလည်း ပုဒ်မ ၄၂(ခ)နဲ့ ရွှေပြည်သာမြို့နယ်တရားရုံးမှာ တရားစွဲဆိုထားပါတယ်။ လှိုင်သာယာမြို့နယ် မွေးမြူရေးဇုန်မှာဆိုရင်လည်း ဂိုဒေါင်မှာ လူမရှိတာကြောင့် ဂိုဒေါင်ပိုင်ရှင်နဲ့ သစ်ပိုင်ရှင်တွေကို လှိုင်သာယာမြို့နယ် သောင်ကြီး(တောင်) ရဲစခန်းမှာ သစ်တောဥပဒေပုဒ်မ ၄၃(က)ဖြင့် တရားရုံးမှာ အမှုဖွင့် အရေးယူသွားဖို့ ရှိပါတယ်။ သတင်းကွင်းဆက်ကိုလည်း ဆက်ပြီးဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဦးစီးရုံးချုပ်ကလည်း သတင်းကွင်းဆက်တွေကို လှမ်းပို့ပါတယ်။ မြေပြင်ကလည်း ဝန်ထမ်းတွေက သတင်းအချက်အလက်တွေကို စုံစမ်းဖော်ထုတ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း တော်တော်ကူညီပါတယ်။ ဒီလို ကူညီမှုကြောင့်လည်း ကျွန်တော်တို့ ဒီလောက်အတိုင်းအတာအထိ အောင်မြင်လာတာဖြစ်ပါတယ်။

**ဦးတင့်ခိုင် (လက်ထောက်ညွှန်ကြားရေးမှူး)**
**ပြည်ပပို့သစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**

**မေး။ ။ သစ်တောထွက်ပစ္စည်းတွေ ပြည်ပတင်ပို့ရာမှာ လုပ်ဆောင်ရတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းပြပေးပါ။**

ဖြေ။ ။ နယ်အသီးသီးက Open တင်ဒါစနစ်နဲ့ ဝယ်ထားတဲ့ သစ်လုံးတွေကို ရန်ကုန်ကို သယ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ သွားစစ်တယ်။ ဒါဟာ မှန်ကန်တယ်ဆိုပြီး စစ်တံဆိပ်ရိုက်တယ်။ ရန်ကုန်ကို ရောက်ပြီဆိုတာနဲ့ သစ်လုံးလိုက်တင်ပို့ခွင့်မရှိတဲ့အတွက် ပြန်ပြီးခွဲတယ်။ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနဆီမှာ ဒီသစ်လုံးတွေကို ပြန်ခွဲစိတ်ခွင့်ပြုပါဆိုပြီး တင်ရတယ်။ သစ်တောဦးစီးဌာနက လိုက်လံစစ်ဆေးပြီး သူတို့ ရောက်ရှိကြောင်း စစ်ဆေးထားတဲ့သစ်တွေ ဟုတ်ရဲ့လား။ ဟုတ်ပြီဆိုမှ ခွဲမိန့်ထုတ်ပေးပါတယ်။ အဲဒီခွဲမိန့်ရမှ သစ်လုပ်ငန်းရှင်တွေက ခွဲရပါတယ်။ ခွဲပြီးရင်လည်း ခွဲသားထွက်ရှိမှုကို သက်ဆိုင်ရာ သစ်တောဦးစီးဌာနက သွားကြီးကြပ်ရပါတယ်။ မှန်ကန်တယ်ဆိုရင် ခွဲစိတ်ပြီးရင် စစ်တံဆိပ်ထပ်ရိုက်ပေးရပါတယ်။ သစ်တောဦးစီးဌာနက သတ်မှတ်ထားတဲ့ ခွဲသားထွက်ရှိမှုနှုန်းအတိုင်းပဲ ထွက်တယ်ဆိုရင် အတည်ပြုပေးလိုက်တယ်။



ဦးတင့်ခိုင် (လက်ထောက်ညွှန်ကြားရေးမှူး)

ဒါမှမဟုတ်ဘဲ သစ်လုံးကကောင်းနေတယ်။ ခွဲစိတ်တဲ့ စက်အရည်အသွေးကကောင်းနေမယ်။ သစ်တောဦးစီးဌာနက သတ်မှတ်တဲ့ ခွဲသားရာခိုင်နှုန်းထက်ပိုထွက်နိုင်မယ်လို့ ယူဆတယ်ဆိုရင် လုပ်ငန်းရှင်က လာစစ်ပေးပါဆိုရင် ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်း သစ်တောဦးစီးဌာနက ခွဲစိတ်တာတွေကို ပူးပေါင်းကြီးကြပ်စစ်ဆေးပါတယ်။ စစ်ဆေးပြီး အမှန်တကယ်ထွက်တဲ့ ခွဲသားထွက်ရှိရာခိုင်နှုန်းကို သစ်တောဦးစီးဌာန ရုံးချုပ်ကို တင်ပြရပါတယ်။ ရုံးချုပ်ဂိုဒေါင်ကိုရောက်ရှိကြောင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနရဲ့ နယ်မြေတာဝန်ခံက စစ်ဆေးပြီးကြောင်း တင်ပြရပါတယ်။ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန (သို့မဟုတ်) ဦးစီးရုံးချုပ်က ထုတ်ပေးထားတဲ့ ခွဲမိန့်၊ ခွဲသားထွက်ရှိတွေ လာတင်ပြရပါတယ်။ အဲဒါတွေအပြင် ကုမ္ပဏီမှတ်ပုံတင်၊ ထုတ်ကုန်/သွင်းကုန်လိုင်စင်မိတ္တူ၊ သစ်လုပ်ငန်းရှင်များ အသင်းဝင်လက်မှတ်မိတ္တူ စသဖြင့် အဲဒါတွေ ဖော်ပြပြီး လျှောက်ထားရပါတယ်။

အဲလိုလျှောက်ထားလာပြီဆိုရင် ကျွန်တော်တို့က တင်ပြလာတဲ့စာရွက်စာတမ်းတွေကို အရင်စစ်ပါတယ်။ လိုအပ်တဲ့ အချက်အလက်စုံပြီဆိုရင် ကျွန်တော်တို့ဆီကို ဝင်စာသွင်းတယ်။ ညွှန်ကြားရေးမှူးက စစ်ဆေးမိန့်ထုတ်ပေးတယ်။ မြေပြင်ကို သွားစစ်ဆေးတယ်။ တိုင်းတာတယ်။ မှန်ကန်ပါက ပြည်ပသစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့ရဲ့ တံဆိပ်ရိုက်ပေးလိုက်တယ်။ အဲဒီတံဆိပ်ပါမှ ပြည်ပတင်ပို့ခွင့်ရှိတယ်။ မြေပြင်စစ်ဆေး တွေ့ရှိချက်တွေ မှန်တယ်ဆိုရင် ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြတယ်။ ညွှန်ကြားရေးမှူးက ထောက်ခံချက် ထုတ်ပေးလိုက်တယ်။

အဲဒီထောက်ခံချက်ရသွားပြီဆိုရင် နိုင်ငံခြားတင်ပို့ဖို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ သစ်တောက ထုတ်ပေးလိုက်တဲ့ တရားဝင်သစ်ဖြစ်ကြောင်း ထောက်ခံချက်ကိုကိုင်ပြီး export လိုင်စင်လျှောက်ရတယ်။ ပြီးရင် အကောက်ခွန်မှာ ထုတ်ကုန်ကြေညာလွှာ လျှောက်ရတယ်။ သစ်တောက ထောက်ခံချက်ပေးလိုက်တဲ့ သစ်တွေကို ကုန်သေတ္တာထည့်ပါတော့မယ်ဆိုပြီး ပြည်ပပို့ သစ်တောထွက်ပစ္စည်းများ စိစစ်ထောက်ခံရေးအဖွဲ့ရုံးကို ကုန်သေတ္တာထည့်သွင်းခွင့် ထပ်မံလျှောက်ထားရပါတယ်။ အဲဒီလို လျှောက်ထားရာမှာ ကုမ္ပဏီရဲ့ MD (သို့မဟုတ် ) GM တစ်ဦးဦးရဲ့ကုန်သေတ္တာထည့်သွင်းခွင့်လျှောက်လွှာ၊ အရင်ထုတ်ပေးထားတဲ့ တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက်ပြန်ယူလာရမယ်။ အဲဒီလျှောက်



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် စကားဝါလမ်းတွင် သိမ်းဆည်းရမိသောသစ်များကို တွေ့ရစဉ်။



သိမ်းဆည်းရမိသစ်များအား တွေ့ရစဉ်။

သစ်တောဦးစီးဌာနက ထပ်မံအတည်ပြုပြီးပြီဆိုမှ တရားဝင်ထွက်ရှိတဲ့ ခွဲသားတွေကို ရပြီဖြစ်ပါတယ်။

အဲလို ခွဲသားတွေရပြီဆိုရင် ပြည်ပကို ပို့ချင်ပါတယ်ဆိုပြီး ကျွန်တော်တို့ဆီကို လျှောက်ပါတယ်။ တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက်ထုတ်ပေးပါလို့ လျှောက်ရပါတယ်။ လျှောက်လွှာမှာ ကုမ္ပဏီရဲ့ ဖောင် VI နဲ့ XXVI မှာ ပါဝင်တဲ့ MD (သို့မဟုတ်) GMရဲ့ လက်မှတ်ရေးထိုးထားတဲ့ လျှောက်လွှာပါရတယ်။ နောက်ပြီး သစ်တောထောက်ခံချက်။ သက်တမ်းတိုး စာရွက်စာတမ်းတွေပြန်ထုတ်ပေးဖို့အတွက် MD (သို့မဟုတ်) GM မလာနိုင်ရင် ကိုယ်စားလှယ်လွှဲစာ ပြရပါမယ်။ မြန်မာ့သစ်လုပ်ငန်းက open တင်ဒါနဲ့ ဝယ်ထားတဲ့ စာရွက်စာတမ်းပြရပါတယ်။ နောက်ပြီး မြန်မာ့သစ်လုပ်ငန်းနဲ့ ချုပ်ထားတဲ့ Sale Contract ပြရပါမယ်။ နယ်က ရန်ကုန်ကို ဝင်တယ်ဆိုရင် သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်တွေက စစ်ဆေးမျှော်သိမ်းတဲ့ လက်မှတ်တွေ ပြရပါတယ်။ အဲဒါတွေတင်မကပါဘူး။ စက်ရုံ ( သို့မဟုတ်) လွှာကို အကိုးအကားပြုပြီး အကောက်ခွန်ဦးစီးဌာနရဲ့ ထုတ်ကုန်ကြေညာလွှာ၊ ပြီးရင် သင်္ဘောတင်ပို့မယ့် ကုမ္ပဏီရဲ့ Booking Note၊ ဘယ်သင်္ဘောနဲ့ တင်မယ်ဆိုတဲ့ ကုန်သေတ္တာသင်္ဘော ရောက်ရှိ/ထွက်ခွာမည့် Vessle Schedule အဲဒါတွေကို တင်ပြရတယ်။ ကျွန်တော်တို့က တင်ပြလာတဲ့ စာရွက်စာတမ်းတွေ မှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေးရတယ်။ ပြီးရင် ကုန်သေတ္တာထည့်သွင်းမယ့်နေရာကို သွားရတယ်။ ဘယ်နှတန်ထည့်မယ်။ ဘယ်သစ်အမျိုးအစားထည့်မယ်။ မြေပြင်မှာ ပြန်စစ်တယ်။ ကုန်သေတ္တာစစ်ဆေးရေးအဖွဲ့၊ ကုမ္ပဏီရဲ့ BOD၊ သက်ဆိုင်ရာ နယ်မြေသစ်တောရဲ့ တာဝန်ခံတစ်ယောက်ရယ် ရှေ့မှာထည့်တယ်။ ကုန်သေတ္တာကို ပိတ်လိုက်တယ်။ ပြည်ပပို့ သစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့ရဲ့ စည်းပိတ်ချလိုက်တယ်။ အသေကပ်လိုက်တာဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်းပြည်ပပို့ရင် အဲဒီ Seal ပါမှ ပို့လို့ရပါတယ်။ ဒါကတော့ ကုန်သေတ္တာထည့်သွင်းရေး လုပ်ငန်းစဉ်ဖြစ်ပါတယ်။

**စာမျက်နှာ ၁၁ သို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)ပါ "ရန်ကုန်၌ ကိုးရက်အတွင်း တရားမဝင် သစ်တန် ၈၈၀ ကျော် (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်) သိမ်းဆည်းရမိ" တွေ့ဆုံမေးမြန်းခန်းတွင် 'နောက်ကုန်သေတ္တာခြောက်လုံးက သင်္ဘောတင်တဲ့ Line Seal နဲ့ အကောက်ခွန်တံဆိပ်တွေပါပြီး ပိတောက်ခွဲသားတွေ ထည့်ထားတာ တွေ့ရတယ်' အစား 'နောက်ကုန်သေတ္တာခြောက်လုံးက သင်္ဘောတင်တဲ့ Line Seal နဲ့ ပိတောက်ခွဲသားတွေ ထည့်ထားတာတွေ့ရတယ်'ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာ့သတင်းစဉ်(ပြည်တွင်း)သတင်းအဖွဲ့**

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၃

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး-၁ ဦးစိုင်းအောင်မြင့်ခိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**မိုင်ဆွန်ခ- မင်္ဂလာပါခင်ဗျား**

တိုင်းရင်းသားပြည်သူအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ခေါ်) ကျားဖြူပါတီရဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးစိုင်းအောင်မြင့်ခိုင် ဖြစ်ပါတယ်။ မိမိတို့ပါတီရဲ့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မူဝါဒနှင့် အမြင်သဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျားဖြူပါတီ(ခေါ်) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်-(၁၅/၂၀၁၀)ဖြစ်ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှာ (၂၀၁၀ ခုနှစ်၊ မေလ ၂၆ ရက်) ဖြစ်ပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား**

နိုင်ငံရေးပါတီတစ်ခုမှာ (၁)ယုံကြည်ချက်၊ (၂)ရည်ရွယ်ချက်/ရည်မှန်းချက်၊ (၃)မူဝါဒနှင့် (၄)လုပ်ငန်းလမ်းစဉ် ရှိရပါမယ်။ ထိုယုံကြည်ချက်၊ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များအတိုင်း ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံနှင့် ပြည်သူအတွက် တာဝန်ကျေသောပါတီကောင်းဖြစ်မှာ ဖြစ်ပါတယ်။

**ကျားဖြူပါတီ၏ယုံကြည်ချက်မှာ**

အချုပ်အားဖြင့် -

နိုင်ငံသား၊ တိုင်းရင်းသားတို့၏ အခွင့်အရေးများ တန်းတူညီမျှမှုဖော်ဆောင်ပေး၍ ဖိနှိပ်ခြင်းကင်းမှသာလျှင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ်တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါတယ်။ ဒီနေရာမှာ သတိထားဖို့က တန်းတူနှင့်ညီမျှမှုဆိုတာ မတူညီပါဘူး။ ဥပမာ- အစ်ကိုကြီးတစ်ဦးနှင့် ညီငယ်ခုနစ်ဦးတို့ အသီးရှစ်လုံးကို ခွဲဝေယူကြရာမှာ အရေအတွက် ညီမျှစွာ တစ်လုံးစီ ရနိုင်မည်ဖြစ်သော်လည်း ခွဲဝေယူသည့်ပုံစံအပေါ်မူတည်၍ အကြီး၊ အသေး၊ အကောင်း၊ အပုပ်စသည့် အရည်အသွေးတွင် တန်းတူရရှိမှုရရန် ခဲယဉ်းပါတယ်။ တန်းတူရဖို့က ခွဲဝေပေးသူရဲ့ စိတ်ဆန္ဒနှင့် လက်ခံရသူရဲ့ တောင်းဆိုမှုအပေါ်မှာ မူတည်ပါလိမ့်မယ်။

**ကျားဖြူပါတီ၏ ရည်ရွယ်ချက်နှင့်ရည်မှန်းချက်တင်ပြရရင်**

အဓိကရည်ရွယ်တာက စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးရှိဖို့နှင့် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတည်ဆောက်နိုင်ရေးကို ရည်ရွယ်ပါတယ်။

**ရည်မှန်းတာက**

- **ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး**
- **ဌာနေတိုင်းရင်းသားအားဖြင့် ပြည်နယ်အစိုးရဖွဲ့စည်းရေး**
- **မိမိတိုင်းရင်းသားမျိုးနွယ်စုတစ်စုချင်းသွေးစည်းညီညွတ်ရေးမှသည် ပြည်ထောင်စုစည်းလုံးညီညွတ်မှု တည်ဆောက်ရေးတို့ဖြစ်ပါတယ်။**

**ညီနောင်တိုင်းရင်းသားတို့ခင်ဗျား**

(၁) ဖက်ဒရယ်ရဲ့အဓိပ္ပာယ်က ခွဲထွက်ခြင်းမဟုတ်ပါဘူး။ ပေါင်းစည်းခြင်းသာဖြစ်ပါတယ်။

- **ပြည်နယ်များက တန်းတူညီမျှမှု ရရှိဖို့လိုအပ်တဲ့ လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကို ညီညီမျှမျှခွဲဝေရယူကြမယ်။**
- **စုပေါင်းရယူကျင့်သုံးရမယ့်လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကို အားလုံးရဲ့ကိုယ်စား ပြည်ထောင်စုအစိုးရက ရယူရပါမယ်၊ တာဝန်ယူရပါမယ်။**
- **ပြည်နယ်များက ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို တန်းတူစွာနှင့် ညီမျှစွာခွဲပေးရပါမယ်။**
- **အဲဒါမှ ပြည်ထောင်စုဖက်ဒရယ်စနစ် အစစ်အမှန်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြောတဲ့၊ လိုလားတဲ့ဖက်ဒရယ်ဆိုတာ ဒီပုံစံပါပဲ။**

(၂) ဌာနေတိုင်းရင်းသားအားဖြင့် ပြည်နယ်အစိုးရဖွဲ့စည်းရေး ရည်မှန်းခြင်းသည် မိမိကိုယ်ကျိုးစီးပွားအတွက် အာဏာရယူလိုခြင်း လုံးဝမဟုတ်ပါ။

မိမိတို့ဌာနေတိုင်းရင်းသားသည်သာလျှင် မိမိတို့လိုအပ်ချက်ကို မိမိအသိဆုံး၊ တိုးတက်ဖွံ့ဖြိုးအောင်၊ ဘက်မျှအောင် ဘယ်လိုစီမံဆောင်ရွက်ရမှာကို အသိဆုံးဖြစ်ပါတယ်။ မိမိတို့လက်ထဲမှာ မိမိကံကြမ္မာကို ဖန်တီးနိုင်ခွင့်အာဏာရှိမှသာလျှင် မိမိတို့ဘဝကို အလှဆင်နိုင်မှာ ဖြစ်ပါတယ်။

**နိုင်ငံရေးပါတီတစ်ခုအတွက် အရေးကြီးဆုံးကမိမိပါတီမူဝါဒနှင့်အညီ နိုင်ငံ့အရေးဆောင်ရွက်ရန်မှာ နိုင်ငံရေးအာဏာရယူနိုင်ဖို့ပဲ။ နိုင်ငံရေးအာဏာရပြီးရင် နိုင်ငံသားပြည်သူများအတွက် ကောင်းကျိုးဆောင်ရွက်ပေးနိုင်ဖို့ကို ရည်မှန်းချက်ကြီးကြီးထားရပါမယ်။**

တချို့သောသူတို့က ရွေးကောက်ပွဲဝင်တာဟာ နိုင်ငံရေးအာဏာရယူဖို့မဟုတ်ဘူးလို့ အသံကောင်းဟစ်ကြတယ်။ လူပြိန်းကြိုက်ကတိတွေပေးပြီး နိုင်ငံရေးအာဏာကိုမယူ နိုင်ငံ့အရေးစီမံခန့်ခွဲဖို့ကို နိုင်နင်းကျွမ်းကျင်စွာဖြင့် မလုပ်လို၊ မလုပ်နိုင်ရင်၊ နိုင်ငံရေးအာဏာမလိုချင်ရင် ဘာလုပ်ဖို့ ရွေးကောက်ပွဲဝင်မှာလဲ၊ ပြည်သူကို ဘယ်လိုကူညီနိုင်မှာလဲလို့ ကျွန်တော်မေးချင်ပါတယ်။ နိုင်ငံရေးအာဏာရချင်လို့ အားလုံးက ရွေးကောက်ပွဲဝင်ကြတာပဲ မဟုတ်ပါလားခင်ဗျား။

ကျွန်တော်တို့ပါတီကတော့ နိုင်ငံရေးအာဏာအတွက် ရွေးကောက်ပွဲဝင်ပါတယ်။ နိုင်ငံရေးအာဏာရမှ ကျွန်တော်တို့ ပြည်နယ်နှင့် ပြည်သူများဖွံ့ဖြိုးမှုအတွက် အခြေခံကျတဲ့ လမ်းတံတားစီမံကိန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းစီမံကိန်းများ၊ စီးပွားရေးစီမံကိန်းများ၊ လူမှုဘဝဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား**

(၃) ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုများစွာ စုစည်းနေထိုင်တဲ့နိုင်ငံပါ။ တိုင်းရင်းသားမျိုးနွယ်စုကြီးများရော မျိုးနွယ်စုငယ်များပါ တစ်နိုင်ငံလုံးပြန့်ကျဲနေထိုင်နေကြပါတယ်။ ဒီမျိုးနွယ်စုများဟာ မိမိတို့တစ်စုချင်းအလိုက် စုစည်းညီညွတ်မှုကနေ ပြည်ထောင်စုတိုင်းရင်းသားများစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။



တိုင်းရင်းသားလူမျိုးများ အခြေပြုနိုင်ငံရေးပါတီများက မိမိမျိုးနွယ်စုစည်းလုံးညီညွတ်မှုကို ဖော်ဆောင်မှသာ ပြည်ထောင်စုစည်းလုံးမှုကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် မည်သည့်တိုင်းရင်းသားမဆို မိမိနေထိုင်နေတဲ့ နယ်မြေဒေသက တိုင်းရင်းသားမျိုးနွယ်စုများနဲ့ သဟဇာတဖြစ်မှု၊ မိမိရှင်သန်မှု၊ အသက်မွေးမှုကို ထောက်ကူပေးနေတဲ့ နယ်မြေဒေသ ကျေးဇူးတရားကို နားလည်ခံစား သိတတ်မှသာလျှင် မိမိတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်လာနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဒေသမှာ ကိုယ့်ဘဝကို တည်ဆောက်ကြတဲ့သူများဖြစ်လို့ မိမိတို့ဌာနေတိုင်းရင်းသားတွေရဲ့ နိုင်ငံ့အရေးဆောင်ရွက်မှုမှာ ကျားဖြူပါတီနှင့်အတူ ပါဝင်အားပေးပါလို့ တိုက်တွန်းလိုပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား**

ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို သွားတဲ့လမ်းမှာ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဟာ ကျော်ဖြတ်ရမယ့် တံခါးတစ်ချပ်ဖြစ်ပါတယ်။ ဒီတံခါးကို ကျော်ဖြတ်သွားနိုင်ဖို့က လူထုရဲ့ ထောက်ခံမှုမဲပြားများ လိုအပ်ပါတယ်။ လူထုက မှန်မှန်ကန်ကန် မဲပေးပါမှ၊ ကိုယ့်ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်နဲ့ပါတီကို မှန်မှန်ကန်ကန်ရွေးပေးပါမှ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

မိမိရွေးချယ်မဲပေးလိုသူ ကိုယ်စားလှယ်လောင်းရဲ့ ပါတီအမှတ်တံဆိပ်ဘေးက အကွက်ထဲမှာ တံဆိပ်တုံးတိတိကျကျ ရိုက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား**

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့-

ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဒေသမှာ ကိုယ့်ဘဝကို တည်ဆောက်ကြတဲ့သူများပီပီ ဒို့ရှမ်းပြည်နယ် ဌာနေတိုင်းရင်းသားတို့ရဲ့ နိုင်ငံ့အရေးဆောင်ရွက်မှုမှာ မှန်ကန်စွာရွေးချယ်မဲပေးခြင်းဖြင့် အမိမြေကျေးဇူးကို ဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ကတော့
အကောင်းဘက်သို့ ပြောင်းလဲဖို့
မိမိယုံကြည်ချက်ကို အရင်းတည်၍
ပြည်ထောင်စု ဘဝသစ်တည်ဆောက်ရန်
မြဲမြံသော အဓိဋ္ဌာန်ပြုလျက် ရှေ့သို့ချီတက်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသိကောင်းစရာများ ဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၃) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ယုယုမေက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ပါဝင်ဟောပြောကြမည့် ဘာသာရပ်ဆိုင်ရာ ဆရာဆရာမများအား ဝန်ကြီးချုပ်၏ဇနီးနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ဝေးဝင်းတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင်နှင့် လူနေမှုဘဝမြင့်မားရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်တို့က ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့်ချီးမြှင့်သည့် ချီးမြှင့်ငွေကျပ် တစ်သိန်းလေးသောင်းတို့ကို အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူတစ်ဦးကပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများကိုယ်စား ဒေါက်တာမြတ်သူကျော်က လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ)**

❐ စာမျက်နှာ ၁၀ မှ

**မေး။ ။ အခု MIP ဝင်းအတွင်းမှာ ဖမ်းဆီးရမိမှုအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။**

ဖြေ။ ။ ပုံမှန်လုပ်ထုံးလုပ်နည်းအရ သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ကွန်တိန်နာများ ဆိပ်ကမ်းအတွင်းသို့မဝင်မီ ဆိပ်ကမ်းဂိတ်ပေါက်တွင် တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း သစ်တောဦးစီးဌာန၏ ထောက်ခံချက် လက်မှတ်ပြနိုင်ရမယ်။ ကွန်တိန်နာမှာ သစ်တောဦးစီးဌာနရဲ့ ပ. သ. စ လုံခြုံရေး Seal ခတ်ထားရပါမယ်။ အဲဒီနှစ်ချက်ပြည့်စုံမှ ဆိပ်ကမ်းအတွင်းသို့ ဝင်ခွင့်ရပါမယ်။ ပြီးတော့ ဆိပ်ကမ်းအဝင်ဂိတ်ကို ဖြတ်တယ်။ နောက်တစ်ခါ Weight ချိန်တဲ့ ကတ္တားကို ဖြတ်တယ်။ ပြီးတော့ ကုန်သေတ္တာထဲမှာထည့်သွင်းထားတဲ့ ကုန်ပစ္စည်းကို စစ်ဆေးတဲ့ X-ray ကိုဖြတ်တယ်။ အဲဒီ ဖြစ်စဉ်လောက်ပဲ ကျွန်တော်တို့သိတယ်။ အခုဖြစ်စဉ်မှာတော့ ဖြတ်သွားတဲ့ ပထမကျွန်းကုန်သေတ္တာနှစ်လုံး၊ နောက်ထပ်မိတဲ့ ပိတောက်ကုန်သေတ္တာ ၁၁ လုံးမှာရော ကျွန်တော်တို့ သစ်တော ပ. သ. စ လုံခြုံရေး Seal မပါဘဲ ဆိပ်ကမ်းအတွင်းသို့ ဝင်ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ အမှန်တော့ ဒီ X-ray ဖြတ်မယ်ဆိုရင် ကျွန်တော်တို့ Seal ပါရပါမယ်။ အခုဟာက X-ray ဖြတ်တယ်။ အထဲမှာပုံထားတယ်။ ကျွန်တော်တို့ Seal မဟုတ်ဘဲ အခြား Seal များ ခတ်ထားပါတယ်။ ဖြစ်စဉ်ကတော့ အဲဒါပါပဲ။ အခုဖြစ်စဉ်မှာ ကျွန်တော်တို့ သစ်တောဌာန ပ. သ. စ လုံခြုံရေး Seal မပါတဲ့အတွက် ကွင်းဆက်လိုက်ရင်း ပေါ်လာတာ ဖြစ်ပါတယ်။

## မောင်တောမြို့နယ်မှ ရာအိမ်မှူးတစ်ဦး ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်လွတ်မြောက်လာ

**နေပြည်တော် ဖေဖော်ဝါရီ ၃**
မောင်တောမြို့နယ် ဂွဆုံကျေးရွာ ရာအိမ်မှူး အန်နာမူလာသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က အလုပ်ကိစ္စဖြင့် ဂွဆုံအလယ်ကျေးရွာသို့ သွားရောက်စဉ် လမ်း၌ တုတ်၊ ဓားများ ကိုင်ဆောင်ထားသော အကြမ်းဖက်တိုက်ခိုက်သူခြောက်ဦးက ဝိုင်းရိုက်ပြီး ရွာအရှေ့ဘက်ရှိ မေယုတောင်ကြောပေါ်သို့ ကြိုးတုပ်ခေါ်ဆောင်သွားခဲ့သည်။

အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခံရသူ ရာအိမ်မှူး အန်နာမူလာသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ရွာသို့ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ဂွဆုံရဲစခန်းမှူး ဒုရဲအုပ်အောင်မြတ်ကျော်နှင့်အဖွဲ့က ခေါ်ယူမေးမြန်းခဲ့ရာ ၎င်းအား ၂၀၁၆ ဒီဇင်ဘာ ၂၉ ရက်တွင် ဂွဆုံအလယ်ကျေးရွာမှ အပြန် ဂွဆုံကျေးရွာသားများဖြစ်သော အဒူလော့ပါ ရှစ်ဦးကဖမ်းဆီး၍ တစ်ဦးမှာ မိမိဦးခေါင်းအား ဓားဖြင့် ခုတ်ကာ မျက်နှာကိုအဝတ်စည်း၍ ခေါ်ဆောင်ပြီး တောင်ကြားတစ်ခု၌ ညအိပ်ခဲ့ပါကြောင်း။

ထို့ပြင် ဟာရှိန်းပါငါးဦးက အုပ်ချုပ်ရေးအဖွဲ့တွင် ၎င်းတို့ပါဝင်ခွင့်မရခြင်း၊ မော်လဝီဇူပိုင်အဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်သည်ကို တားမြစ်ခြင်းတို့ကြောင့် မကျေနပ်၍ ကျပ်သိန်း ၄၀ ပေးမည်ဟု ပြောဆိုကာ အဒူလော့နှင့်အဖွဲ့အား ဖမ်းဆီးသတ်ဖြတ်ခိုင်းခြင်းဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃၀ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ၎င်းအား ဆက်လက်ခေါ်ဆောင်၍ တောင်စောင်းတစ်ခုသို့ အရောက် မော်လဝီဇူပိုင်အဖွဲ့ လေးဦးနှင့် တွေ့ဆုံ ညအိပ်ခဲ့ရပါကြောင်း၊ အဆိုပါနေရာ၌ ၁၅ ရက်ခန့် နေထိုင်ခဲ့ပြီးနောက် မော်လဝီဇူပိုင်အဖွဲ့နှင့် ခွဲထွက်ကာ နေရာရွှေ့ပြောင်းခဲ့ရပါကြောင်း၊ ၂၀၁၇ ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီတွင် ဖမ်းဆီးခေါ်ဆောင်လာသူများ အိပ်ပျော်နေခိုက် ထွက်ပြေးခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ တွင် ဂွဆုံရွာမကြီးရှိ ရာအိမ်မှူး အဒူရောက်ကိန်းနေအိမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အန်နာမူလာက ရှင်းလင်းပြောပြသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ ရာအိမ်မှူးတစ်ဦး တံတားပေါ်မှလိမ့်ကျသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒိုးတန်းကျေးရွာနှင့် ငါးစားကြူးကျေးရွာကြားရှိ စပါယ်ပင်ရင်းချောင်းတံတားပေါ်မှ ဖေဖော်ဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရာအိမ်မှူးတစ်ဦး လိမ့်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဒိုးတန်းကျေးရွာနှင့် ငါးစားကြူးကျေးရွာကြားရှိ စပါယ်ပင်ရင်းချောင်းတံတားပေါ်၌ ဒိုးတန်းကျေးရွာ ရာအိမ်မှူး ဆော်လီမူလာ အသက်(၅၀)သည် တံတားအားဖြတ်ကူးစဉ် ဝက်ရူးပြန်ရောဂါဖြင့် တံတားပေါ်မှ လိမ့်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ ဓားဖြင့်ထိုးမှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၃**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခေါင်းတကာကျေးရွာ၌ နေအိမ်အတွင်း ဝင်ရောက်၍ ဓားထိုးမှုတစ်မှု ဖေဖော်ဝါရီ ၂ ရက် နံနက် (၀၀)နာရီ ၁၀ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ခေါင်းတကာကျေးရွာရှိ မာမတ်အာရ်ဖတ်(၂၇)နှစ်သည် ဇနီးဖြစ်သူ အန်ဂျိုမာဘီဘီနှင့်အတူ ယောက္ခမ ယာစ်မိန်၏ နေအိမ်တွင်အိပ်နေစဉ် ဘဂုံးနားအနောက်ရွာနေ မာမောက်အာယာစ်ပါ သုံးဦးက နေအိမ်အတွင်းဝင်ရောက်ပြီး မာမတ်အာရ်ဖတ်အား ဓားဖြင့်ထိုးခုတ်ခဲ့ရာ ဝဲနားထင်၊ ပခုံး၊ လက်ပြင်တို့တွင် ပေါက်ပြဲပြတ်ရှဒဏ်ရာ လေးချက်၊ ဝဲနောက်ကျော၊ လက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်(မစိုးရိမ်ရ) ရရှိသွားခဲ့၍ မောင်တောဆေးရုံသို့ တင်ပို့ကုသခဲ့ရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ယင်းနေ့နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဘဂုံးနားအနောက်ရွာနေ (အဘ)ဆွေယော့ ဒူအီစ္စလာမ်၏သား ဂျေနာအား ဖမ်းဆီးရမိခဲ့ပြီး မာမောက်အာယာစ်ပါ နှစ်ဦးအား ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုစာရင်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**
၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျေးရွာများတွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်သူများက အမှန်တရားဖော်ခြင်း မပြုနိုင်ရန်၊ အကြောက်တရားကြီးစိုးစေရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိစေရန် ရည်ရွယ်၍ အပြစ်မဲ့ အရပ်သားပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ စုစုပေါင်း သေဆုံးသူ ၁၃ ဦးနှင့် ဖမ်းဆီးပျောက်ဆုံးသူ ကိုးဦး၊ ဒဏ်ရာရရှိသူ နှစ်ဦးတို့ ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့အရပ်သား ပြည်သူများအား သတ်ဖြတ်/ဖမ်းဆီးမှုစာရင်း
(၃-၂-၂၀၁၇)ရက်နေ့ထိ

| စဉ် | ရက်စွဲ | သေဆုံး | ဒဏ်ရာရ | ဖမ်းဆီး/ ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၅-၁၀-၂၀၁၆ | ၂ | | | |
| ၂ | ၁၄-၁၀-၂၀၁၆ | ၁ | | | |
| ၃ | ၁၅-၁၀-၂၀၁၆ | | ၁ | | |
| ၄ | ၇-၁၁-၂၀၁၆ | | | ၂ | (၇-၁၁-၂၀၁၆)ရက်နေ့ (၁)ဦးတွေ့<br>(၈-၁၁-၂၀၁၆)ရက်နေ့ (၁)ဦးတွေ့ |
| ၅ | ၁၃-၁၁-၂၀၁၆ | | ၁ | | |
| ၆ | ၁၇-၁၁-၂၀၁၆ | ၁ | | | |
| ၇ | ၁၃-၁၂-၂၀၁၆ | | | ၁ | |
| ၈ | ၂၁-၁၂-၂၀၁၆ | ၁ | | | |
| ၉ | ၂၅-၁၂-၂၀၁၆ | ၁ | | | |
| ၁၀ | ၂၆-၁၂-၂၀၁၆ | ၁ | | | |
| ၁၁ | ၂၈-၁၂-၂၀၁၆ | ၁ | | | |
| ၁၂ | ၂၉-၁၂-၂၀၁၆ | | | ၁ | (၁-၂-၂၀၁၇)ရက်နေ့ ပြန်ရောက် |
| ၁၃ | ၂-၁-၂၀၁၇ | | | ၁ | |
| ၁၄ | ၁၃-၁-၂၀၁၇ | ၁ | | | |
| ၁၅ | ၁၄-၁-၂၀၁၇ | | | ၁ | (၁၅-၁-၂၀၁၇)ရက်နေ့ ပြန်ရောက် |
| ၁၆ | ၂၀-၁-၂၀၁၇ | ၃ | | | |
| ၁၇ | ၂၂-၁-၂၀၁၇ | | | ၁ | |
| ၁၈ | ၂၇-၁-၂၀၁၇ | | | ၂ | |
| ၁၉ | ၂၈-၁-၂၀၁၇ | ၁ | | | |
| | စုစုပေါင်း | ၁၃ | ၂ | ၉ | ပျောက်ဆုံးဆဲ(၅)<br>ပြန်တွေ့(၄) |

## စစ်တွေမြို့ မော်သီးညာကယ်ဆယ်ရေးစခန်း၌ အမျိုးသမီးတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**
ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်းကျေးရွာရှိ မော်သီးညာကယ်ဆယ်ရေးစခန်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီက အမျိုးသမီးတစ်ဦး ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ သဲချောင်းကျေးရွာရှိ မော်သီးညာကယ်ဆယ်ရေးစခန်း အဆောင်(၁)၊ အခန်း(၄)နေ မရော်ရှီရာဟာတူ (၂၈)နှစ်သည် နေအိမ်အခန်းအတွင်း လည်ပင်း၌ ခြောက်လက်မခန့် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေပြီး ၎င်းအနီး အရိုးအသွား ရှစ်လက်မခန့်ရှိ ဓားတစ်ချောင်းတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ မရော်ရှီရာဟာတူ၏ ခင်ပွန်းဖြစ်သူ အီစလမ်(၃၇)နှစ်အား စစ်မေးခဲ့ရာ ၎င်းသည် ဖေဖော်ဝါရီ ၁ ရက်ညတွင် ဇနီးဖြစ်သူနှင့်အတူ အိပ်ရာဝင်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက် အိပ်ရာမှနိုးစဉ် ဇနီးဖြစ်သူမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း ထွက်ဆိုခဲ့သည်။ အလောင်းကို စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး စစ်တွေမြို့မရဲစခန်းက သေမှုသေခင်း (၂/၂၀၁၇)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားသုံးဦး အလုပ်သွားစဉ် ၁၀ ဘီးကားတိုက်ခံရပြီး ပွဲချင်းပြီးသေဆုံး

**ဗန်ကောက် ဖေဖော်ဝါရီ ၃**
ထိုင်းနိုင်ငံ နခွန်ပထုန်ဆီစန်ဖန် I.S.A Value Co.Ltd ငါးသေတ္တာစည်သွတ်ဘူးရုံတွင် လုပ်ကိုင်နေသော MoU ဖြင့်လာရောက်သည့် မြန်မာလုပ်သားသုံးဦးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီက နေထိုင်သည့်အခန်းမှ အလုပ်ရုံသို့ စက်ဘီးဖြင့်အလုပ်သွားစဉ် လမ်းဘေးကပ်ပြီး စက်ဘီးနင်းနေသော်လည်း ၁၀ ဘီးကားက အရှိန်ဖြင့်တိုက်မိခဲ့သည့်အတွက် နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသည့် မြန်မာလုပ်သားသုံးဦးမှာ မောင်နမနှစ်ဦးဖြစ်သည့် မောင်တင်ကျော်မိုး (၂၈)နှစ်နှင့် မငြိမ်းငြိမ်းစိုး(၂၄)နှစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ညောင်ကိုင်းရွာ၊ မောင်အောင်ပြည့်ဝင်း(၂၄)နှစ် ယင်းမာပင်မြို့နယ် တာဝရွာတို့ဖြစ်ကြပြီး မြန်မာပြည်မှ To Day Top Star အေဂျင်စီက တာဝန်ယူပို့ဆောင်ထားကြောင်း သိရသည်။

လက်ရှိမှာ ကားမောင်းသူကို ဖမ်းဆီးမိခြင်းမရှိသေးဘဲ အမှုမှန်ပေါ်ပေါက်ရန် AAC အဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိရုပ်အလောင်းများကို ဆေးရုံမှ မီးသဂြိုဟ်မည့် ထိုင်းဘုန်းကြီးကျောင်းသို့ ပို့ဆောင်ထားရှိကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**





## ဘရိတ်ပေါက်သည့် ၁၂ ဘီးယာဉ် တံတားအောက်ထိုးကျ

**သထုံ ဖေဖော်ဝါရီ ၃**
မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းရှိ သင်းထော်တံတားတွင် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ရှေ့မှသွားသည့် ၁၂ ဘီး ကုန်တင်ယာဉ်ကို ဝင်တိုက်ကာ အရှိန်လွန်၍ တံတားအောက် ထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုဘက်မှ သထုံဘက်သို့ ယာဉ်မောင်း မိုးမင်းအေး (၃၁)နှစ် မင်္ဂလာဒုံမြို့နေသူ မောင်းနှင်လာသည့် SGG-8B/---- Nissan ၁၂ ဘီးကုန်တင်ယာဉ်သည် ဖြစ်စဉ်နေရာအရောက်တွင် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ယာဉ်ကြောတူ ရှေ့မှသွားနေသော အသေးလေး (ခ) နိုင်ကြီး (၃၃)နှစ် ပေါင်းတည်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN-8E/---- အား နောက်မှ ဝင်ရောက်တိုက်မိပြီး တံတားအုတ်ခုံကို ထပ်မံတိုက်မိကာ အရှိန်လွန်၍ တံတားအောက်သို့ ထိုးကျသွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကားနှစ်စီးလုံး အနည်းငယ် ပျက်စီးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

နောက်မှဝင်တိုက်ပြီး တံတားအောက် ထိုးကျခဲ့သည့် ၁၂ ဘီး ကုန်တင်ယာဉ်မောင်း မိုးမင်းအေးအား သထုံမြို့မရဲစခန်းက ယာဉ်(ပ) ၁၀/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ-၂၇၉ အရ အမှုဖွင့် အရေးယူထားသည်။

**သက်ဦး(သထုံ)**

# ဝက်ဖို့ဒ်ကို အိမ်ကွင်းမှာပင်အရေးနိမ့်ခဲ့သော်လည်း ချယ်လ်ဆီးနှင့် ပွဲမတိုင်မီ ဝင်းဂါးက အာဆင်နယ် ကစားသမားများကို နှစ်ရက်တာ အနားပေးခဲ့

အာဆင်နယ်နည်းပြ ဝင်းဂါးက ချယ်လ်ဆီးအသင်းကို စတန်းဖို့ဒ်ဘရစ်ချ်တွင် သွားရောက်ရင်မဆိုင်မီ အာဆင်နယ်ကစားသမားများကို နှစ်ရက်တာ အနားပေးခဲ့သည်ဟု Times စာစောင်၏ ဖော်ပြချက်အရ သိရသည်။ အာဆင်နယ်အသင်းက ဝက်ဖို့ဒ်အသင်းကို အိမ်ကွင်းမှာပင် အရေးနိမ့်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကို အဝေးကွင်းတွင် သွားရောက်ရင်မဆိုင်မီ ယခုကဲ့သို့ အနားပေးခဲ့ခြင်းကြောင့် နည်းပြ ဝင်းဂါး၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုများလည်းရှိနေသည်။ ချယ်လ်ဆီးနည်းပြ ကွန်တီကမူ လီဗာပူးနှင့် ပွဲစဉ်ပြီးကတည်းက ချယ်လ်ဆီးကစားသမားများကို နေ့တိုင်းလေ့ကျင့်ခန်းဆင်းခိုင်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့အကြား ရမှတ်ကိုးမှတ်အထိ ကွာဟသွားပြီဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ချယ်လ်ဆီးအသင်းကောင်းလွန်း၍ ဆိုတာထက် အာဆင်နယ်၊ စပါးနှင့် လီဗာပူးတို့ ပြိုင်ဘက်အသင်းငယ်များကို အနိုင်မကစားနိုင်ခြင်းကြောင့်ဖြစ်သည်။ ချယ်လ်ဆီးအသင်းအနေဖြင့် လီဗာပူးကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရချိန် အာဆင်နယ်မှာ ဝက်ဖို့ဒ်နှင့်သာ ရင်ဆိုင်ခဲ့ရသော်လည်း ယင်းအခြေအနေကို အခွင့်အရေးမယူနိုင်ဘဲ ဝက်ဖို့ဒ်ကိုပင် ရှုံးနိမ့်ခဲ့သည်။ ဝက်ဖို့ဒ်နှင့် ပွဲစဉ်နောက်ပိုင်း ဝင်းဂါးနှင့် အာဆင်နယ်ကစားသမားများအပေါ် ဝေဖန်မှုများ တရစပ်ထွက်ပေါ်လာသော်လည်း ဝင်းဂါးကမူ အာဆင်နယ်ကစားသမားများ အနားယူရန် လိုအပ်သည်ဟု ယူဆသဖြင့် နှစ်ရက်တာ အနားယူခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက ကစားသမားများ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုလျော့နည်းခြင်းကြောင့် ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်သည်ဟု အကြောင်းပြချက်ပေးခဲ့သော်လည်း ပီတာဆက်ချ်ကမူ ပထမပိုင်းတစ်ပိုင်းလုံး ကစားပုံဆိုးရွားလွန်းခဲ့ခြင်းက ရှုံးပွဲကြုံရခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်ဟု ပြောကြားခဲ့သည်။ The Sun သတင်းဌာန၏ ပင်တိုင်ဆောင်းပါးရှင် နေးလ်အက်ရှ်တန်က အာဆင်နယ်အသင်း၏ သာမန်ငွေကြေးသုံးစွဲမှုနှင့် သက်သောင့်သက်သာ ဖန်တီးထားသည့် ဓလေ့ကြောင့် မည်သည့်အခါမျှ ချယ်လ်ဆီးကဲ့သို့ အသင်းမျိုးကို ယှဉ်နိုင်မည်မဟုတ်ကြောင်း ပြင်းပြင်းထန်ထန်ဝေဖန်ထောက်ပြခဲ့သည်။ အာဆင်နယ်ကစားသမားအများစုက ကော်ဖီဘားတွင်သာ အချိန်ကုန်နေပြီး ပွဲတစ်ပွဲအနိုင်ရလျှင်ပင် မိမိတို့တာဝန်ကျေပြီဟု ယူဆနေကြကာ နောက်ပိုင်းပွဲကို လျော့တိလျော့ရဲ စိတ်ဓာတ်ဖြင့် ကစားနေကြသူများဟုလည်း အက်ရှ်တန်က စွပ်စွဲခဲ့သည်။ (မေလှဲ့သင်း)




## ချယ်လ်ဆီးနှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဖရန့်လမ်းပတ် ကစားသမားဘဝမှ အနားယူလိုက်ပြီ

ချယ်လ်ဆီးနှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း တစ်ဦးဖြစ်သည့် ဖရန့်လမ်းပတ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၁ နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၃၈)နှစ်အရွယ်ရှိပြီဖြစ်သည့် လမ်းပတ်သည် ပြီးခဲ့သည့်နှစ်က အမေရိကန်ပြည်ထောင်စုရှိ မေဂျာလိဂ်တွင် သွားရောက်ကစားနေခဲ့သူဖြစ်ပြီး ယခုကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၂ ရက်တွင် လူမှုမီဒီယာများမှတစ်ဆင့် အတိအလင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လမ်းပတ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၆၄၉ ပွဲပါဝင်ကစားခဲ့ပြီး အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ၁၀၆ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ လမ်းပတ်သည် ပရီမီယာလိဂ် ဖလားသုံးကြိမ်နှင့် ၂၀၁၂ ခုနှစ်က ရရှိခဲ့သည့် ချန်ပီယံလိဂ်ဆုဖလားအပြင် အက်ဖ်အေဖလားလေးကြိမ်၊ လိဂ်ဖလား နှစ်ကြိမ်နှင့် ယူရိုပါလိဂ်ဖလား တစ်ကြိမ်တို့ကိုလည်း ချယ်လ်ဆီးအသင်းနှင့်အတူ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

လမ်းပတ်၏ ပရီမီယာလိဂ်ဂိုးသွင်းစံချိန်သည်လည်း ၁၇၇ ဂိုးအထိ ရှိထားခဲ့ခြင်းကြောင့် အလန်ရှီးယား၊ ရွန်းနီနှင့် အန်ဒီကိုးလ်တို့ပြီးပါက ပရီမီယာလိဂ်သွင်းဂိုး စတုတ္ထမြောက်အများဆုံး ကစားသမားလည်း ဖြစ်လာခဲ့သည်။ ထို့ပြင် ပင်နယ်တီဧရိယာအပြင်ဘက်မှ ဂိုးရယူနိုင်မှုသည် ၄၁ ဂိုးအထိ ရှိထားနိုင်ခဲ့သည်။ (ငွေကြယ်)




## မန်စီးတီးတွင်နေရာ ပျောက်နေသည့် အဂူရိုကို ရီးယဲလ်မက်ဒရစ်အသင်းခေါ်ယူရန် ကြိုးပမ်းလာ

ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းတွင် လတ်တလော နေရာပျောက်နေသည့် တိုက်စစ်မှူး အဂူရိုကို လာမည့်နွေဈေးကွက်အတွင်း ခေါ်ယူရန် ပစ်မှတ်ထားလာပြီဟု သိရသည်။ အဂူရိုသည် ၂၀၁၁ ခုနှစ် မန်စီးတီးအသင်းသို့ ရောက်ရှိချိန်ကတည်းက အသင်း၏ တိုက်စစ်နေရာတွင် ပုံမှန်နေရာ ရခဲ့သူဖြစ်သည်။

ယခုမူ ဘရာဇီးသား လူငယ်တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဇ် ရောက်ရှိလာမှုနှင့်အတူ ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် အဂူရိုမှာ ပွဲထွက်ခွင့်မရဘဲ အရန်ခုံတွင် ထိုင်နေခဲ့ရသည်။ အဆိုပါပွဲစဉ်တွင်လည်း မန်စီးတီးအသင်း လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သလို ဂျီးဆပ်ဇ်လည်း ဂိုးသွင်းနိုင်ခဲ့ရာ အဂူရိုအတွက် ဖိအားပိုမိုကျရောက်လာသည့် အနေအထားပင်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အဂူရို မန်စီးတီးသို့ မပြောင်းရွှေ့မီ အက်သလက်တီကိုအသင်းတွင်ရှိစဉ်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။ အဂူရိုမှာ ပြီးခဲ့သည့်လကပင် မန်စီးတီးအသင်းနှင့် ၂၀၂၀ ခုနှစ်အထိ သက်တမ်းရှိစာချုပ်တစ်ရပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့ရာ အကယ်၍ ရီးယဲလ်အနေဖြင့် ၎င်းကို ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးမြောက်မြားစွာ အသုံးပြုရမည်ဖြစ်သည်။ သို့သော် ရီးယဲလ်မှာ ကမ္ဘာ့အချမ်းသာဆုံးကလပ်အသင်းဖြစ်သောကြောင့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူနိုင်ရန် ငွေကြေးမည်မျှသုံးစွဲရသည်ဖြစ်စေ ဝန်လေးမည်မဟုတ်ပေ။ သို့သော် အဂူရိုနှင့် ရင်းနှီးသူများ၏ ပြောကြားချက်အရ အဂူရိုက မန်စီးတီးတွင်နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး လာမည့်ရာသီအထိ မန်စီးတီးနှင့်သာ ဆက်ရှိစေရန် ဆုံးဖြတ်ထားကြောင်း သိရသည်။



ရီးယဲလ်အသင်းသည် အဂူရိုအပြင် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်နှင့် အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ကို စောင့်ကြည့်လျက်ရှိနေပြီး အသင်း၏ အဓိကတိုက်စစ်မှူး ဘင်ဇီမာနှင့် မိုရာတာတို့နှစ်ဦးကို ထုတ်ရောင်းရန် ရှိနေကြောင်း သိရသည်။ အဂူရို၏ အခြေအနေကို ရီးယဲလ်အသင်းကသာမက ပီအက်စ်ဂျီအသင်းကလည်း စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိနေသည်။ (မေလှဲ့သင်း)

## ရော်နယ်လ်ဒင်ဟို ဘာစီလိုနာအသင်း၏ သံတမန်ဖြစ်လာ

ဘာစီလိုနာအသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ ရော်နယ်လ်ဒင်ဟိုသည် ဘာစီလိုနာအသင်း၏ သံတမန်တစ်ဦးအနေဖြင့် နျူးကမ့်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတိအလင်း ကြေညာခဲ့သည်။

ဘရာဇီးဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ ရော်နယ်လ်ဒင်ဟိုသည် ဘာစီလိုနာအသင်းတွင် ကစားသမားဘဝဖြင့် ဘောလုံးရာသီ ငါးရာသီကြာ ဖြတ်သန်းခဲ့ဖူးသူဖြစ်သည်။ ရော်နယ်လ်ဒင်ဟိုသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပွဲပေါင်း ၂၀၇ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၉၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး လာလီဂါဆုဖလားများကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း ချန်ပီယံလိဂ်ဆုဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ရော်နယ်လ်ဒင်ဟိုတို့သည် အသင်း၏ သံတမန်ဖြစ်လာရန်အတွက် သဘောတူညီမှုတစ်ခုရရှိထားပြီဖြစ်ပြီး ယူနီဆက်ဖ်နှင့် ဆက်နွယ်သည့် ဘာစီလိုနာအသင်း၏ လုပ်ငန်းဆောင်တာများကို တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။ (ငွေကြယ်)

## ချယ်လ်ဆီးနှင့် မန်ယူအသင်းပစ်မှတ် ဂိုးသမားဒိုနာရူးမား လာမည့်နွေတွင် အေစီမီလန်မှ ထွက်ခွာနိုင်ဖွယ်ရှိ

အေစီမီလန်ဂိုးသမား ဒိုနာရူးမားအနေဖြင့် လာမည့်နွေတွင် မီလန်မြို့အခြေစိုက် အေစီမီလန်မှ ထွက်ခွာရန်ရှိနေကြောင်း ဒိုနာရူးမား၏ အေးဂျင့်ဖြစ်သူ ရိုင်လိုလာ၏ ပြောကြားချက်အရ သိရသည်။ ဒိုနာရူးမားကို ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ကလည်း ဆက်သွယ်နေပြီး စီရီးအေပြိုင်ဘက် ဂျူဗင်တပ်အသင်းကလည်း စောင့်ကြည့်လျက်ရှိနေသည်။

ယခုနောက်ပိုင်းပွဲစဉ်များတွင် အေစီမီလန်အသင်း ရလဒ်များဆိုရွားလာမှုနှင့်အတူ ဒိုနာရူးမား ဖိအားအောက်ကျရောက်နေခြင်းကြောင့် အေစီမီလန်အသင်းမှ ခန့်မှန်းအချိန်ထက်စော၍ ထွက်ခွာရန် ရှိနေခြင်းဖြစ်သည်။ ရိုင်လိုလာက ဒိုနာရူးမား၏ အနာဂတ်ကိစ္စရပ်များနှင့်ပတ်သက်၍ အေစီမီလန်အသင်း အသင်းအထွေထွေမန်နေဂျာ ဂယ်လိုင်နီကို အသိပေးထားပြီးဖြစ်ကြောင်း ဆိုသည်။ ရိုင်လိုလာသည် ပေါ့ဘာနှင့် အီဗရာဟီမိုဗစ်တို့ကို မန်ယူအသင်းနှင့် ချိတ်ဆက်ပေးခဲ့သူဖြစ်သောကြောင့် ဒိုနာရူးမား မန်ယူကိုပင် ပြောင်းရွှေ့နိုင်ဦးမည်ဟု ခန့်မှန်းချက်များလည်း ရှိနေသည်။ (မေလှဲ့သင်း)

# စည်းလုံးညီညွတ်ရေးကို ရှေးရှုနေသည့် တပို့တွဲလ ထမနဲပွဲ

ဒေါက်တာမောင်ဖြေ

တပို့တွဲလသည် ဆောင်းရာသီ၏ဆောင်းနှောင်းလ ဖြစ်သည်။ နွေရာသီသို့ကူးပြောင်းတော့မည့် အချိန်နီး ကပ်လျက်ရှိသည်။ ဆောင်းလည်းမပီ၊ နွေလည်းမမည် သောကာလဖြစ်သည်။ တဖွဲဖွဲကျနေသောငွေနှင်းမှုန် လေးများဖြင့် တန်ဆာဆင်လျက် အာကာသကောင်း ကင်တစ်ခွင်လုံး နှင်းရည်ဖျန်းလျက်ရှိသည်။

"ရွှေယုဂန်နန်းညီမြကြ၊ စန်းခိုခလျှံလူ၊ ချမ်းဆိုမျှစံမတူ သည်၊ သံယမ္ဘာျူသော်မှ၊ မီးမယ်ဖျူး၊ ရွှေလက်ကင်သည်၊ ရေစက်တွင်အေးတဲ့သည်လ"

"ဆင်ရာတိမ်သိမ့်သိမ့်ဖြာသည်။ ချိန်တာရာမာဃ ငြိမ့် သာသာတိထိကြွလို့၊ သီသီရစက်ခွင်၊ ထန်းဆော်လေ လဲဝါနုငယ်နှင့် ပွဲယာဂုမီးဖုန်းတော်တင်၊ တွဲတပို့နွဲလို့ ဆင်သည်" ဟုတပို့တွဲလကိုရောက်ရှိတိုင်း တွေ့မြင်လေ့ ရှိသည့်မြင်ကွင်းများကို စာဆိုကဝိဦးကြော့က တစ်မူထူး စွာ ရေးဖွဲ့ထားသည်။

### ထမနဲပွဲ

တပို့တွဲလကုသိုလ်ပွဲဖြစ်သည့် မီးဖုန်းပွဲကို ရှေးအခါ က ဘုရင်မင်းမြတ်ကိုယ်တိုင် ခမ်းခမ်းနားနားကျင်းပခဲ့ သည်။ မဟာရာဇဝင်တော်ကြီး တတိယတွဲတို့တွင် တပို့တွဲလပြည့်နေ၌ ရှေးမြန်မာဘုရင်တို့က ကျောင်း၊ ဘုရားများသို့ မီးဖုန်းပွဲ နှင့်ထမနဲပွဲတို့အတွက် ထင်း၊ မီးမယ်ဖျူး(မီးအိုးကင်း)နှင့် ယာဂုတို့ လှူသည့်အစီအစဉ် ဆောင်ရွက်ပုံတို့ကို အကျယ်တဝင့်ဖော်ပြထားသည်ကို လေ့လာရသည်။ ထိုစဉ်အခါက ပြည်သူများအနေဖြင့် မီးမယ်ဖျူးတွင်နံ့သာ၊ ထင်း၊ မီးသွေးစသည်တို့ဖြင့် မီးဖို၍ ကျောင်း၊ ဘုရားများသို့ သွားရောက်လှူဒါန်းကြကာ ကုသိုလ်ပြုကြသည်။

တပို့တွဲလ၏ ရာသီပွဲနောက်တစ်ပွဲမှာ ထမနဲပွဲ၊ ယာဂု ပွဲဖြစ်သည်။ မြန်မာနိုင်ငံတွင် တပို့တွဲလသည် ကောက်ဦး ပေါ်ချိန်ဖြစ်၍ လဆန်းအချိန်မှ လပြည့်နေ့တိုင်အောင် နိုင်ငံအနှံ့အပြားတွင် ထမနဲထိုးပွဲများကို ကျင်းပလေ့ ရှိကြသည်။ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး နှမ်းမနဲ့ဟုလည်း အမည်တွင်သေး သည်။ အချို့ဒေသတွင် ယာဂုဟုခေါ်သည်။ ယာဂုသည် ပါဠိစကားဖြစ်သည်။ ထမနဲသည် မြန်မာစကားဖြစ်၍ "အများမတူသပ၊ သာခုပွဲဟာကို ယာဂုထမနဲ ထိုးချိန် ကျမှ" ဟူ၍လည်း ဦးပုညက ဖွဲ့ဆိုခဲ့ပါသည်။



### အစဉ်အလာပွဲ

ယာဂုခေါ် ထမနဲနှင့်ပတ်သက်၍ ရှေးမြန်မာဘုရင် များလက်ထက်မှစ၍ အဆက်ဆက် ဆင်ယင်ကျင်းပ လာသည့် အစဉ်အလာပွဲပင်ဖြစ်သော်လည်း မလှိုင်မြို့ သက်ကြီးညောင်အုပ်ကျောက်စာ၊ ကျော ၂၊ ၃၊ ၄ တွင် "က(မိ)နန်ပသ်ကူလေပြီအေ်။ ညောင်ဖီးဖုန်ကန်(ရီ)ပယ် တွင်တန်ထာ"ဟုလည်းကောင်း၊ ပုဂံမြို့စောလုဝန်ဘုရား ကျောက်စာ၊ ကျော-၂၂၊ ၂၃ တွင် "မီးဖုန်သင်ကြန် မြတ်စိတ်ညောင်ရိယ်သွန်၊ မပြယ်စိတ်လျှင်တည်၏" ဟူ၍လည်းကောင်း၊ ရှေးရှေးစာဆိုရှင်ဖြစ်သော မြင်းခွာ ရွာစား၏ရတု၌ "ပေါက်လဲပွင့်လှိုင်လနှင့် မြိုင်ကဘုန်း နိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာမြတ်ရ ရာဝယ်၊ သဒ္ဒါကြည်လင်၊ ပျော်မြူးရွှင်လျက်၊ သဘင်မီးဖုန်း တပြုံးပြုံးသည်၊ ပြည်လုံးညွတ်တော့မည်ဘုရားဟူ၍ မီးဖုန်း ပွဲအကြောင်းကိုသာ အသီးသီးဖွဲ့ဆိုခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ရှေးအခါက တပို့တွဲလ၏ ရာသီ ပွဲသည် မီးဖုန်းပွဲသာဖြစ်၍ ထမနဲပွဲကား မီးဖုန်းပွဲနောက် မှပေါ်လာသည်ဟု ယူဆရပေသည်။ ထိုထမနဲပွဲကို အစောဆုံးတွေ့ရသောခေတ်သည် ညောင်ရမ်း(ဒုတိယ အင်းဝ)ခေတ် နောက်ဆုံးဖြစ်ပေသည်။

### ယှဉ်ပြိုင်ကျင်းပ

စာရေးသူ၏မြို့တွင် တပို့တွဲလ၌ အစဉ်အလာ မပျက် ထမနဲထိုးပြိုင်ပွဲကို ရပ်ကွက်အလိုက်၊ အသင်း အဖွဲ့အလိုက် မဏ္ဍပ်များထိုးကာ ယှဉ်ပြိုင်ကျင်းပခဲ့ကြ သည့်အစဉ်အလာရှိသည်။ ယင်းသို့ ထမနဲထိုးပြိုင်ပွဲ ကျင်းပနေစဉ်တွင် တပိုတွဲလနှင့်ပတ်သက်ပြီး ရှေးစာဆို ကြီးများ၏ ကဗျာရတုနှင့် တပို့တွဲရာသီအကြောင်းကို ဖတ်ပြပေးနေသည်မှာ ကြည်နူးမှုရှိစေခဲ့ပါသည်။ ယခုနှစ် တွင် ယင်းသို့ယှဉ်ပြိုင်မှုများတွင် လက်ရှိအခြေအနေနှင့် စပ်လျဉ်းသင့်သဖြင့် တပို့တွဲလ ထမနဲပွဲအတွက် စာရေး ဆရာမင်းခန့်ရွှေစပ်ဆိုထားသော သံချပ်တစ်ပုဒ်ကို မျှဝေ လိုပါသည်။

**မိုးမိုး ..... မိုးလားမောင်ရို့**
**လေ ... လေ ... လေလားမောင်ရို့**
**ပြာသိုပြီးလို့ ရောက်လို့လာ၊ အခုလဟာ တပို့တွဲလ ပေါ့။**
**တပို့တွဲလရဲ့ အအေးဒဏ်တို့တစ်တွေက ရင်ဆိုင်လာ ပေါ့။**
**ဒီလရာသီရဲ့ မူလပွဲဟာ မိုးဖုန်း(ပုံး)ပွဲဆိုတာ သိပြီး သားပဲ။**
**အေးချမ်းလှတဲ့တပို့တွဲမှာ ကုသိုလ်ရေးနဲ့စခဲ့တာ။**
**မြတ်ဗုဒ္ဓမီးပူဇော်တာ ဒီလရာသီပွဲတော်မြတ်ပေါ့။**
**ပုဂံခေတ်ကစခဲ့တာ တပို့တွဲမှာလေမီးဖုန်း(ပုံး)ပွဲပေါ့။**
**ညောင်ရမ်းခေတ်ကိုရောက်တဲ့အခါ စပါပြီဗျာထမနဲပွဲ။**

စဉ်လာမပျက် နွဲကြကာ မီးဖုန်း(ပုံး)ပွဲနဲ့ ထမနဲပွဲပေါ့။
နှောင်းလူအများသိစေချင် ရိုးရာပွဲရဲ့အနှစ်သာရ
မျက်မှောက်ခေတ်ရဲ့ ပွဲတော်အခါမှာ ထိုးကြ ပြိုင်ပြိုင် လှူကြတမ်းကြ။
ကောက်ညှင်းနှင့်နှမ်း၊ ဆီ၊ အုန်းချင်းမကျန် အချိုးကျ ကျပါဝင်တာ။
အချိုးမကျရင်လေ ရသာပျက်ပေါ့ ဆင်ခြင်စဉ်းစား လုပ်ကြပါ။
နည်းစနစ်မှန်တက်ညီထိုးမှ ထမနဲလေးကောင်းမွန် မှာ။
တစ်ယောက်ကသာချောင်ခိုခဲ့ရင်၊ ပေါ့တူးမနပ်သိပ် သေချာ။
စည်းလုံးခြင်းရဲ့ရလဒ်ဟာ ထမနဲရဲ့သက်သေပါပဲ။
တို့ပြည်ထောင်စုကောင်းစားဖို့ရာ ထမနဲပွဲကဥပမာ။
ရှမ်းချင်း၊ ကချင်၊ ရခိုင်တွဲလို့ ကရင်၊ ကယား၊ မွန်၊ ဗမာစည်းလုံးကြပါ။
ရေရှည်ကောင်းဖို့ မေတ္တာထားလို့ နှိုးဆော်တာ ထမန် ရဲ့ အရသာ။
လျှာအရသာမကြည့်ပါနဲ့။
ထမနဲရဲ့သဘာဝအနှစ်သာရမြင်အောင်ကြည့်ကြ။
ဟော့လာမောင်ရိုးဝါး . . . ။

### စည်းလုံးညီညွတ်ရေးဖော်ဆောင်

ဤထမနဲပွဲသံချပ်သည် တပို့တွဲလရာသီနှင့် သင့်လျော် ပေတော့သည်။ စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိ စေရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်း တည်ဆောက်နေချိန်တွင် နိုင်ငံတော်တစ်ဝန်း မှီတင်းနေ ထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရေး အတွက် စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်လှ ပေသည်။ တပို့တွဲလ ထမနဲပွဲကား စည်းလုံးညီညွတ်ရေး ကို ဖော်ဆောင်နေပါသည်။ ထမနဲပွဲသံချပ်မှာလည်း ရာသီနှင့်လိုက်ဖက်၍ အခါမလင့်ဖြစ်နေပါသည်။ အိုး စည်ဒိုးပတ်ဖြင့် သံချပ်ထိုး၍ လှူကြတန်းကြခြင်းဖြင့် အမောပြေ လန်းဆန်းစေဖြစ်ပေသည်။

## ဆိပ်ဖြူမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေး အသိပညာပေးလုပ်ငန်းများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်ခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်သောရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ ချက်ပြုတ်စားသောက်တတ်စေရန် ဈေးအတွင်း ရောင်းချလျက်ရှိ ကြက်သား၊ ကြက်ဥအရောင်းဆိုင်များမှ ရောင်းချလျက်ရှိသည့် သန့်ရှင်း လတ်ဆတ်သော အသား၊ ငါးနှင့် ကြက်ဥ၊ ဘဲဥများကို ရောင်းချသွားစေရန်၊ မြို့ပေါ်ရပ်ကွက် များတွင် မွေးမြူထားရှိသည့် ကြက်ခြံများ ဇီဝလုံခြုံမှုနှင့်အညီ စနစ်တကျမွေးမြူသွားရန် ရည်ရွယ်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်း ဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီး ရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးက ဈေးအတွင်းရောင်းချလျက်ရှိသော ကြက်သား၊ ကြက်ဥ၊ ဘဲဥအရောင်းဆိုင်များ သန့်ရှင်းလတ် ဆတ်သော အသား၊ ငါးများ ရောင်းချမှုရှိ-မရှိ စစ်ဆေးခြင်း၊ စနစ်တကျကိုင်တွယ်ရောင်း ချရေး၊ မွေးမြူထားရှိသည့် ကြက်ခြံများ ဇီဝလုံခြုံမှုနှင့်အညီ စနစ်တကျမွေးမြူသွားရေး တို့ စစ်ဆေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ များနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် စားသုံးသူပြည်သူများနှင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥအရောင်းဆိုင်များအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး မော်တော်ယာဉ်ဖြင့် လှည့်လည်ပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ တို့ ပူးပေါင်းကာ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဦးဆောင် ကျင်းပသော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မော်တော်ယာဉ်ဖြင့် လှည့်လည်ပညာပေးဟောပြောပွဲကို နေပြည် တော် ပျဉ်းမနားမြို့နယ်၌ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့သည်။

ပညာပေးဟောပြောပွဲတွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များအကြောင်း နှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရ မည့် စည်းကမ်းများကို ပညာပေးဟောပြောပြီး နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေးက ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည် များကို ပညာပေးဟောပြောသည်။



ထို့နောက် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေ ပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေ ရန်အတွက် လမ်းအသုံးပြုသူ၏ အမြင် သဘောထား ရွေးချယ်ပေးပါ ခေါင်းစဉ်ဖြင့် မေးခွန်းလွှာများမေးရာ ကျောင်းသား၊ ကျောင်း သူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆို တော်များက ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်း သိရ သည်။

**စိုးမိုး(ပြန်/ဆက်)**

## ရွှေဘိုမြို့သောက်သုံးရေအတွက် မဟာနန္ဒာကန်တော်အတွင်းသို့ သဖန်းဆိပ်ရေလှောင်တမံမှ ရေပေးသွင်း

**ရွှေဘို ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပြည်သူလူထုသောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် သဖန်းဆိပ်ရေလှောင်တမံရေကို သမိုင်းဝင်မဟာနန္ဒာကန်တော်အတွင်းသို့ ပေးသွင်းနေကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မဟာနန္ဒာကန် ရေဝင်ရောက်မှုအခြေအနေအရ မြို့တွင်းသောက်သုံးရေ ပြည့်စုံလုံလောက်ပြီဆိုလျှင် UNDP အဖွဲ့အစည်း၏ကူညီမှုဖြင့် အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီးဖြစ်သည့် ရေထိန်းတံခါးနှင့် ရေလွှဲမြောင်းမှ တစ်ဆင့်လည်း သက္ကယ်တန်းချောင်းကို အားပြုသော တောင်သူများအတွက် နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရေကို ရသလောက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"သဖန်းဆိပ် ရေလှောင်တမံမှ စိုက်ပျိုးရေနဲ့ ခုလာမယ့်နွေစပါး၊ နွေသီးနှံကို အရင်နှစ်ကလို နွေစပါး ၂၃၂၀၈ ဧကနဲ့ အခြား သီးနှံ ၁၂၅၅၇ ဧက စုစုပေါင်း ၃၅၅၆၃၅ ဧကကို စိုက်ပျိုးရေ လုံလုံလောက်လောက် ပေးဝေနိုင်မယ်ဆိုတာကို အာမခံပါတယ်"ဟု ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။ **ရောင်နီတင်ဝင်း**



## သံလွင်မြစ်ရေတိုက်စားမှု ကာကွယ်ရန် ရေတားတမံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ ကရင်နှင့် မွန်ပြည်နယ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုများအား ကူညီထောက်ပံ့ပေးရန်အတွက် ဘက်စုံဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရေးစီမံကိန်းကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သံလွင်မြစ်ရေတိုက်စားမှုကာကွယ်ရန်အတွက် ရေတားတမံတည်ဆောက်ရေးလုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့နယ် မုတ္တဒိကျေးရွာ သံလွင်မြစ်ကမ်းနဖူး၌ ကျင်းပသည်။



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ JAPAN, JICA ရုံးချုပ်မှ Senior Advisor Mr.Murooka တို့က အဖွင့်အမှာစကားပြောကြားပြီး ရွှေ့ပြေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလင်းနှင့် JICA ခေါင်းဆောင် မစ္စတာဟရှီမိုတိုတို့က ရှင်းလင်းပြောကြားပြီး Mr.Murooka u Survery ပစ္စည်းစာရင်းများအား ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ JICA ရုံးချုပ် တိုကျိုနှင့် ရန်ကုန်ရုံးမှ အရာရှိများ၊ ကျေးရွာသူ၊ ကျေးရွာသားများက သံလွင်မြစ်ရေတိုက်စားမှု ကာကွယ်ရန်အတွက် တစ်ခုလျှင် ပေ ၁၅၀ ရှိ ရေကာ သုံးခု ပါဝင်သော အလျား ၅၁၅ ပေရှိ မြစ်ရေတားတမံ လုပ်ငန်းစတင်ဆောင်ရွက်မှုအား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခဲတောက်-မုတ္တဒိကားလမ်း သံလွင်မြစ်ကမ်းနဖူးရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အလျား ပေ ၄၂၀ ရှိ ဘိုးပိုင်အခြေပြု သံခြင်းကျောက်စီတမံ တည်ဆောက်သည့်လုပ်ငန်းခွင်နှင့် ပေ ၂၇၀ ရှိ ဘိုးပိုင်အခြေပြု သံခြင်းကျောက်စီတမံ တည်ဆောက်ရေးလုပ်ငန်းခွင်တို့အား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ သဘာဝဘေးအန္တရာယ် ခံစားရမှု လျော့ပါးသက်သာစေရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာ ဒေသများအား အမြန်ဆုံးနှင့်အထိရောက်ဆုံး ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့တိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်အား အလိုအလျောက်ခံစားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်များ လျော့နည်းစေရန်အတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိရန်၊ ဖြစ်ပေါ်လာပါကလည်း အမြန်ဆုံးနှင့် အထိရောက်ဆုံး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်းနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက ကြိုတင်ကာကွယ်မှုအနေဖြင့် သစ်ပင်များစိုက်ပျိုးသင့်ကြောင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာလမ်းများအား မီးသတ်ကား ဝင်/ထွက်၍ အလွယ်တကူရရှိအောင် ဆောင်ရွက်ထားသင့်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ မီးသတ်ဌာနပါ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်အား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် သတင်းမီဒီယာဖြင့် မြေပြင်ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်လိုကြောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစိုးရအဖွဲ့အတွင်းရေးမှူးက သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ကဏ္ဍအလိုက်ကြိုတင်စီမံမှုများ ဆောင်ရွက်ထားရှိရန်၊ မိုးစပါးရေကြီးနစ်မြုပ်နိုင်သည့်အတွက် မျိုးစပါးများ ကြိုတင်စုဆောင်းထားရှိရန်၊ ကျောင်းသားများ အတန်းတင်စာမေးပွဲများဖြေဆိုရန် နီးကပ်လာသောကြောင့် ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်ဖွင့်ခွင့်ပြုမှုရန် အုပ်ချုပ်ရေးမှူးများအား ခေါ်ယူသတိပေးထားရှိရန်လိုကြောင်း ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီဝင်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက သဘာဝဘေးအန္တရာယ်ကာကွယ်ရေး နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးတင်ပြကြ ကြောင်း သိရသည်။ **သူရိန်ထွန်း(ပဲခူး)**

## ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရန် (၂၀၀ ကေဗွီအေ) ထရန်စဖော်မာများနှင့် (၁၁ ကေဗွီ) လိုင်းများတပ်ဆင်

**ပဲခူး ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန် ပဲခူးမြို့ပေါ်ရပ်ကွက်အချို့တွင် (၂၀၀ ကေဗွီအေ) ထရန်စဖော်မာများတပ်ဆင်ခြင်း၊ (၁၁ ကေဗွီ) လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထိန်ဝင်း ဦးဆောင်သောဝန်ထမ်းများက ပဲခူးမြို့နန်းတော်ရာရပ်ကွက် ဥဿာသင်္ဂီစာသင်တိုက်အနီးတွင် တစ်လုံး၊ အလင်းရောင် ဈေးအနီးတွင်တစ်လုံး၊ မဇင်းရပ်ကွက်နောင်ကြီးဘုရားအနီးတွင် တစ်လုံး၊ ကျွန်းသာယာရပ်ကွက် မဟာမြိုင်လမ်းထိပ်တွင် တစ်လုံး စုစုပေါင်း (၂၀၀ ကေဗွီအေ) ထရန်စဖော်မာ လေးလုံး တိုးချဲ့တပ်ဆင်ပေးမည့်အပြင် (၁၁ ကေဗွီ) လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရအောင် (ပြည်)**

## ရေးမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများ ၈၉ ဒသမ ၃၈ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိ


**ရေး ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးစပါးဘဏ်ချေးငွေ ကျပ်သိန်းပေါင်း ၁၅၃၉၀ ကို လယ်သမား ၁၉၂၀ အား ထုတ်ချေးပေးခဲ့ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဇန်နဝါရီ ၃၁ ရက်အထိ ကျပ်သိန်းပေါင်း ၁၃၇၄၉ သိန်းအား ကောက်ခံရရှိထားပြီးဖြစ်ကြောင်း မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

"ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၃၈ ရာခိုင်နှုန်းကို ကောက်ခံရရှိထားပါတယ်။ ကျန်ရှိနေသော ချေးငွေ ကျပ်သိန်းပေါင်း ၁၆၄၁ သိန်းအား ဖေဖော်ဝါရီအတွင်း မြို့နယ်လုံးကျွတ် ပြေကျေစွာ ကောက်ခံသွားမှာဖြစ်ပါတယ်ဟု" မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းမြင့်မြင့်အေးထွန်းက ပြောသည်။

လမိုင်းမြို့ မိုးစပါးချေးငွေ ချေးထားသူတောင်သူဦးခင်မောင်က "မိုးစပါးချေးငွေတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ သက်သာစွာထုတ်ချေးခွင့်ရတယ်။ ပြီးခဲ့တဲ့နှစ်ထက်ပိုပြီး တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ အထိ ချေးတဲ့အပြင် ဒီနှစ်မိုးစပါးလည်း အထွက်နှုန်းတိုးတယ်၊ ရာသီဥတုလည်း မျှတမှုရှိလို့ လယ်သမားအများစု ယခင်နှစ်ထက်မိုးစပါးအောင်မြင်လာပါတယ်"ဟုပြောသည်။

ရေးမြို့နယ်အတွင်း တောင်သူ ၂၂၀၀ အတွက် ၂၀၁၇ ခုနှစ် မိုးစပါး ချေးငွေသိန်းပေါင်း ၁၉၀၅၆ သိန်းအား ထုတ်ချေးရန် ကျေးရွာများမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ တင်ပြ ထားပြီး တောင်သူများမှာ ယခင်နှစ်တွေထက် ပိုမိုချေးငွေထုတ်ယူရန် စိတ်ဝင်စားလာနေလျက်ရှိကြောင်း သိရသည်။ **ထွဋ်ထွဋ် (ရေး)**



&efukbfvkdfa'o uD*vmawmifñefrdU, fawmifñefuD &yfuufausmif;vrf(bkwm½kHrf)üy suf;Deonfvrf;ydkif r;ukefu&ptifvufukumif;foonf"mwfykHausmfjyfjyf

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဇင်ယော်လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**ဒဂုံမြို့သစ်(တောင်ပိုင်း) ဖေဖော်ဝါရီ ၃**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၈)ရပ်ကွက် ဇင်ယော်လမ်း ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လမ်းသစ်ဖွင့်ပွဲနှင့်စပ်လျဉ်း၍ လမ်းဖြစ်မြောက်ရေးကော်မတီဒု-ဥက္ကဋ္ဌ ဦးဝင်းနိုင်က ဇင်ယော်လမ်းသစ် ဖြစ်မြောက်ရေးအတွက် ခုနစ်လအတွင်းဆောင်ရွက်ခဲ့ရပြီး လမ်းမီးတိုင်သစ်များ စိုက်ထူပေးခြင်း၊ မီးလင်းရေးပြုပြင်ဆောင်ရွက်ပေးခြင်းများနှင့်အတူ ကွန်ကရစ်လမ်းသစ် ရေရှည်တည်တံ့အောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလမ်းမှာ အလျားပေ ၁၀၅၀၊ အကျယ် ၁၆ ပေ၊ ထု ၆ လက်မ အထူရှိသော အဆိုပါလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တာဝန်ရှိလူကြီးများ၊ လမ်းသူလမ်းသားများ တက်ရောက်ခဲ့သည်။ **အေးမင်းသူ**

ပရီမီယာလိဂ်ရင်ခုန်သံ-၂၄

ရှိုင်း မင်း မင်း

# အာဆင်နယ်ကို ချယ်လ်ဆီးရှုံးကြွေးပြန်ဆပ်နိုင်မှာလား

ပရီမီယာလိဂ်ပွဲစဉ် ၂၄ ကိုလာမယ့် ဖေဖော်ဝါရီလ ၄၊ ၅ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ချယ်လ်ဆီးက အာဆင်နယ်နဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ပွဲကြပ်ကြုံတွေ့နေရပါတယ်။ ချယ်လ်ဆီးအနေနဲ့ လီဗာပူးနဲ့ကစားပြီး ရက်သိပ်မခြားဘဲ အာဆင်နယ်နဲ့ရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲရပ့ါမလားစောင့်ကြည့်ရမယ်။

**ချယ်လ်ဆီး - အာဆင်နယ်**
ည ၇း၀၀ (၄-၂-၁၇)

ချယ်လ်ဆီးက ဒီပွဲမတိုင်ခင် လီဗာပူးနဲ့ ပရီမီယာလိဂ်ကြီးပွဲအဖြစ် ရင်ဆိုင်ခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးဟာ လက်ရှိအချိန်မှာခြေစွမ်းပိုင်း ကောင်းမွန်နေသလို ခံစစ်ပိုင်းနဲ့ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဒ့ါအပြင်ပထမအ ကျော့ပွဲတုန်းက ရှုံးကြွေးကို ပြန်ဆပ်ဖို့လည်း ကြိုးစားလာမှာဖြစ်ပေမယ့် အာဆင်နယ်ကလည်း ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်ချယ်လ်ဆီး သရေလောက်ပဲရမယ်။

**အဲဗာတန် - ဘုန်းမောက်**
ည ၉း၃၀ (၄-၂-၁၇)

အဲဗာတန်ခြေစွမ်းပိုင်းက အခုနောက်ပိုင်းမှာ ကောင်းမွန်မှုရှိနေ ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေထင်သလောက်တည်ငြိမ်မှု မရှိပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ဂိုးသွင်းအား ပိုမိုကောင်းမွန်တတ်ပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းအရ မဆိုးဘူးလို့ဆိုနိုင်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာခံစစ်ပိုင်းက စိတ်ချရမှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ အဲဗာတန်ကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**ဆောက်သမ်တန် - ဝက်စ်ဟမ်း**
ည ၉း၃၀ (၄-၂-၁၇)

ဆောက်သမ်တန်က ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဖွန်တီမရှိတော့သလို ဗန်ဒစ်ခ်လည်း ဒဏ်ရာရနေပေမယ့်ခံ စစ်ပိုင်းကစားပုံကောင်းမွန်နေဆဲဖြစ်တယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်လာဖို့ရှိပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းခြေစွမ်းကလည်း ကောင်းမွန်နေသလို ဆောက်သမ်တန်တိုက်စစ်ကလည်း မတည်ငြိမ်လို့ ဆောက်သမ်တန် သရေလောက်ပဲရမယ်။

**ဝက်စ်ဘရွန်း - စတုတ်**
ည ၉း၃၀ (၄-၂-၁၇)

အခုနောက်ပိုင်းမှာ ဝက်စ်ဘရွန်းခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပြီး ပရီမီယာလိဂ် အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ မန်ယူတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ပါတယ်။ စတုတ်ကတော့ လက် ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့်လည်း အဝေးကွင်းမှာခြေ စွမ်းပိုင်းကျဆင်းတတ်ကာ အဝေးကွင်းနောက်ဆုံး ငါးပွဲမှာ ဝက်ဖို့ဒ်နဲ့ ဆန်းဒါးလန်းကိုသာအနိုင်ရခဲ့ပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဘရွန်းတို့ အနိမ့်ဆုံးသရေလောက် ကစားနိုင်မှာပါ။

**မန်စီးတီး - ဆွမ်ဆီး**
ည ဂး၀၀ (၅-၂-၁၇)

လက်ရှိအချိန်မှာ ရလဒ်ပိုင်းတွေအားနည်းလွန်းနေတာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ ဂါဘရီရယ်ဂျီးဇက်ကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမိုအားကောင်းလာပါတယ်။ ဆွမ်ဆီးကတော့ နောက်ဆုံးအဝေးကွင်းပွဲမှာ လီဗာပူးကိုတောင်အနိုင်ရခဲ့ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေများနေ ပါတယ်။ ဒါကြောင့်ပဲ မန်စီးတီးသာအားစိုက်ကစားလာရင် ဆွမ်ဆီး အခက်တွေ့နိုင်ကာ မန်စီးတီးပဲအနိုင်ရမယ်။

**ပဲလေ့စ် - ဆန်းဒါးလန်း**
ည ၉း၃၀ (၄-၂-၁၇)

ပဲလေ့စ်က လက်ရှိအချိန်မှာခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေတယ်။ ပွဲစဉ် ၂၂ အထိ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ခဲ့ရကာ တန်းဆင်းဇုန်အတွင်းကို ရောက်ရှိနေပါတယ်။ ဒါကြောင့်ပဲ ပဲလေ့စ်ဟာ တန်းမဆင်းရဖို့ ဒီပွဲမှာအားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ဒ့ါအပြင် ဆန်းဒါးလန်းခြေကလည်း အားနည်းမှုတွေများလွန်းနေကာ ဒီဖိုးဦးဆောင်တဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်း ခြေတည်ငြိမ်မှုမရှိပါဘူး။

**ဟားလ် - လီဗာပူး**
ည ၉း၃၀ (၄-၂-၁၇)

ဟားလ်က တန်းဆင်းဇုန်ထဲကိုရောက်နေတယ်ဆိုပေမယ့် ဒီပွဲမှာတော့ လျှော့တွက်ဖို့ခက်ပါတယ်။ ဟားလ်အနေနဲ့ကြားရက်မှာ မန်ယူနဲ့ အဝေးကွင်းပွဲကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိနေပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် တန်းမဆင်းရရေးအားစိုက်လာမှာဖြစ်သလို ၂၀၁၆ နိုဝင်ဘာလကတည်းကနေ အခုအထိ အိမ်ကွင်းတစ်ပွဲသာရှုံးသေးတယ်။ လီဗာပူးကလည်းပွဲပန်းနိုင်သလို ခြေစွမ်းလည်းကျနေလို့ လီဗာပူးနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်လွန်းတယ်။

**ဝက်ဖို့ဒ် - ဘန်လေ**
ည ၉း၃၀ (၄-၂-၁၇)

ဝက်ဖို့ဒ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းတိုးတက်ကောင်းမွန်တတ်ပါတယ်။ အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ စပါးတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဘန်လေကတော့ခံကစားပုံကောင်းမွန်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာအိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် ဝက်ဖို့ဒ်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**စပါး - မစ်ဒယ်ဘရော့**
နံနက် ၀၀း၀၀ (၅-၂-၁၇)

မစ်ဒယ်ဘရော့က လက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးဘူးလို့ဆိုနိုင်ပေမယ့် ခံစစ်ပိုင်းကတော့ တည်ငြိမ်မှု အနည်းငယ်ကျဆင်းလာပါတယ်။ အဝေးကွင်းမှာဆိုရင်လည်း ခြေစွမ်းပိုင်း ပိုမိုအားနည်းတတ်ပါတယ်။ စပါးကတော့ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ထိပ်တိုက်ဆုံနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်တယ်။ ဒါကြောင့်ပဲ စပါးပဲအနိုင်ရမယ်။

**လက်စတာ - မန်ယူ**
ည ၁၀း၃၀ (၅-၂-၁၇)

မန်ယူလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ဆုံးအဝေးကွင်းပွဲမှာလည်း စတုတ်နဲ့သရေကျခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာဖို့ရှိနေပါတယ်။ လက်စတာကတော့ ဒီရာသီမှာခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေသလို အိမ်ကွင်းပွဲတွေမှာတောင် ပုံမှန်ခြေစွမ်းမရနိုင်ဖြစ်နေပါတယ်။ အိမ်ကွင်းမှာလက်စတာတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုကောင်းတဲ့ မန်ယူကသာအဝေးကွင်းမှာ နိုင်ပွဲကပ်ပြီးရယူ သွားနိုင်မှာပါ။

လာလီဂါရင်ခုန်သံ-၂၂

ရှိုင်း မင်း မင်း

# စပိန်ဘုရင့်ဖလားပွဲမှာလို ဆဲလ်တာဗီဂိုစွမ်းဆောင်နိုင်မလား

ဖေဖော်ဝါရီ ၄၊ ၅၊ ၆၊ ၇ ရက်နေ့တွေမှာ ကျင်းပမယ့် လာလီဂါပွဲစဉ်-၂၂ မှာတော့ ရီးယဲလ်ဟာ စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာနှစ်ပွဲစလုံး အနိုင်မယူနိုင်ခဲ့ဘဲ တစ်ပွဲသရေတစ်ပွဲရှုံးနိမ့်ခဲ့ရတဲ့ ဆဲလ်တာဗီဂိုနဲ့ပြန် လည်ဆုံတွေ့နေရပါတယ်။ ဒါကြောင့်လည်း ရီးရဲအနေနဲ့နိုင်ပွဲရယူနိုင် ပ့ါမလားဆိုတာစောင့်ကြည့်ရမယ်။

**ဒီပိုတီဗို - ဘတ်တစ်**
နံနက် ၂း၁၅ (၄-၂-၁၇)

အီဘားကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပိုတီဗိုတို့ နိုင်ပွဲပြန်လည်ရယူနိုင်ရေးအားစိုက်လာဖို့ရှိနေပါတယ်။ တန်းဆင်းဇုန်နဲ့ နီးကပ်နေတာကြောင့်လည်း အခုလိုအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ တိုက်စစ်ဖွင့်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဘတ်တစ်ကတော့ အဝေးကွင်းမှာတိုက်စစ်ကအား နည်းမှုတွေရှိတတ်သလို အဝေးကွင်းမှာ ခုနစ်ပွဲတိုတိ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပိုတီဗိုကသာကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

**ဘာစီလိုနာ - ဘီဘာအို**
ည ၉း၄၅ (၄-၂-၁၇)

ဘာစီလိုနာက အိမ်ကွင်းဖြစ်တာကြောင့်နိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘာစီလိုနာခြေက လည်း ကောင်းမွန်မှုရှိနေပါတယ်။ ဘီဘာအိုကတော့ စပိန်ဘုရင့်ဖလား အိမ်ကွင်းပွဲမှာ ဘာစီလိုနာကို အနိုင်ကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းပွဲမှာတော့ ပြန်လည်ရှုံးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်အထိလည်း အဝေးကွင်းပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ တိုက်စစ်ကလည်းအားနည်းနေတာကြောင့် ဘာစီလိုနာကသာနိုင်ပွဲရသွားနိုင်ပါတယ်။

**ဗလင်စီယာ - အီဘား**
နံနက် ၂း၁၅ (၅-၂-၁၇)

ဗလင်စီယာရဲ့အခုနောက်ပိုင်းကစားအားက ပြန်လည်ကောင်းမွန်လာတယ်လို့ဆိုနိုင်ပါတယ်။ အခုပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း အီဘားရဲ့ အခုနောက်ပိုင်းကစားအားကလည်း ကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံး ငါးပွဲမှာ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ကိုသာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဗလင်စီယာသရေလောက်ပဲရမယ်။

**ဂီဂွန် - အလာဗက်စ်**
ည ၉း၄၅ (၅-၂-၁၇)

တန်းဆင်းဇုန်အတွင်းရောက်နေတဲ့ ဂီဂွန်ကလက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ ဂီဂွန်အနေနဲ့ အိမ်ကွင်းအားနဲ့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း အလာဗက်စ်ကနောက်ဆုံးပွဲစဉ်မှာ အက်သလက်တီကိုကိုတောင် သရေကစားနိုင်သလိုနောက်ဆုံး ငါးပွဲမှာလည်းတစ်ပွဲသာရှုံးနိမ့်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်လည်း ခြေစွမ်းပိုမိုကောင်းမွန်နေတဲ့ အလာဗက်စ်ပဲကပ်နိုင်မယ်။

**ဆဲလ်တာဗီဂို - ရီးယဲလ်**
နံနက် ၂း၁၅ (၆-၂-၁၇)

ဆဲလ်တာဗီဂိုက စ ပိန်ဘုရင့်ဖလားပွဲမှာ ရီးယဲလ်နဲ့ ဆုံခဲ့တော့ တစ်ပွဲအနိုင်ကစားနိုင်ခဲ့ပြီး တစ်ပွဲသရေကစားနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း ဆယ်တာဗီဂိုအနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာဖို့ရှိနေသလို ရီးယဲလ်ကလည် ဒဏ်ရာရကစားသမားတွေများနေပါတယ်။ ဒါပေမယ့် စပိန်ဘုရင့်ဖလားပွဲကြောင့် ဆဲလ်တာဗီဂိုတို့ပွဲပန်းလာနိုင်တာကိုတော့သတိပြုရမှာဖြစ်သလို ရီးယဲလ်ကလည်း အမှားခံမှာ မဟုတ်တာကြောင့် ရီးယဲလ်ကသာကပ်နိုင်ခြေရှိပါတယ်။

**မာလာဂါ - အက်စ်ပန်ညို**
ည ၆း၃၀ (၄-၂-၁၇)

မာလာဂါက နောက်ဆုံးပွဲစဉ်မှာ အိုဆာစူနာကို သရေကစားနိုင်ခဲ့တာ မှန်ပေမယ့် နောက်ဆုံး ငါးပွဲဆက်တိုက်အနိုင်မရခဲ့တဲ့အထိခြေစွမ်း ပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းပွဲတွေ မှာတော့ ခြေစွမ်းပိုင်းကကောင်းမွန်တတ်ပြီး အိမ်ကွင်းရှုံးပွဲနှစ်ပွဲသာ ရှိခဲ့ပါတယ်။ အက်စ်ပန်ညိုကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက မဆိုးသလို အဝေးကွင်းပွဲတွေမှာလည်းတည်ငြိမ်မှုရှိပါတယ်။ ဒါကြောင့် မာလာဂါသရေလောက်ပဲရမယ်။

**အက်သလက်တီကို - လီဂါနက်စ်**
နံနက် ၀၀း၀၀ (၅-၂-၁၇)

ကြားရက်မှာ ဘာစီလိုနာနဲ့စပိန်ဘုရင့်ဖလားပွဲကစားခဲ့ရမှာဖြစ်တာကြောင့် အက်သလက်တီကိုတို့ပွဲပန်းလာနိုင်ပါတယ်။ ဒီပွဲအပြီးမှာလည်း ဘာစီလိုနာနဲ့ပဲ စပိန်ဘုရင့်ဖလားပွဲထပ်ကစားရဖို့ ရှိနေတာကြောင့်လည်း အက်သလက်တီကို ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် လီဂါနက်စ်ကလည်း တိုက်စစ်ပိုင်းအားနည်းမှုတွေ များနေတာကြောင့် အက်သလက်တီကိုကိုတုံ့ပြန်ကစားနိုင်ဖို့တော့ခက်ခဲနိုင်ပါတယ်။ အက်သလက်တီကိုကပ်ပြီးအနိုင်ရမယ်။

**ဆီဗီလာ - ဗီလာရီးယဲလ်**
ညနေ ၅း၃၀ (၅-၂-၁၇)

ပွဲကောင်းတစ်ပွဲပါ။ ဆီဗီလာရဲ့လက်ရှိ ခြေစွမ်း ပိုင်းကတော့အ ကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ တိုက်စစ်ပိုင်းကထိုးဖောက်ကစားပုံကောင်းမွန်မှုရှိသလို အဆုံးသတ်ပိုင်းလည်းသေချာမှုရှိနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဗီလာရီးယဲလ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာရုန်းကန်ရလေ့ရှိတ ကိုလည်း တွေ့ရပါတယ်။ ဆီဗီလာပဲ အနိုင်ရမယ်။

**ဆိုစီဒက်စ် - အိုဆာစူနာ**
နံနက် ၀၀း၀၀ (၆-၂-၁၇)

ဆိုစီဒက်စ်ခြေစွမ်းပိုင်းကကောင်းမွန်နေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ဆိုစီဒက်စ်ခြေက ပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်း ၁၀ ပွဲမှာရှုံးပွဲ နှစ်ပွဲသာရှိခဲ့ပါတယ်။ တန်းဆင်းဇုန်ထဲက အိုဆာစူနာကတော့ တန်းမဆင်းရဖို့အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းအား နည်းမှုတွေရှိနေကာ လက်ရှိအချိန်အထိ နိုင်ပွဲတစ်ပွဲသာရယူထားနိုင်ပါတယ်။ ဒါကြောင့်လည်း အိုဆာစူနာအနေနဲ့ ဆိုစီဒက်စ်ကိုထိန်းနိုင် ဖို့ခက်ကာ ဆိုစီဒက်စ်ကပဲ နိုင်ပွဲရသွားမှာပါ။

**ဂရန်နာဒါ - လက်စ်ပါးမက်စ်**
နံနက် ၂း၁၅ (၇-၂-၁၇)

အမှတ်ပေးဇယားအောက်ဆုံးက ဂရန်နာဒါခြေက အားနည်းမှုတွေ များလွန်းနေပါတယ်။ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတာကြောင့် လက်စ်ပါးမက်စ်ကို တုန့်ပြန်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း လက်စ်ပါးမက်စ်ကလည်း အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိတတ်ပါတယ်။ တိုက်စစ်ပိုင်းကလည်း အဝေးကွင်း ကိုးပွဲမှာ ၁၀ ဂိုးသာသွင်းယူနိုင်တဲ့အထိ တည်ငြိမ်မှုမရှိပါဘူး။






# ယခုနှစ်ရဲ့ Kids' Choice Awards ဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ "Captain America" နဲ့ ဘရူနိုမားစ်

ဟောလိဝုဒ်ရဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ Kids' Choice Awards ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ဆုဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ အောင်မြင်တဲ့ လူစွမ်းကောင်းရုပ်ရှင်တစ်ကား ဖြစ်တဲ့ "Captain America" ရုပ်ရှင်ရဲ့ တတိယမြောက်ရုပ်ရှင်ဟာ ယခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ရုပ်ရှင်တွေအနက် ဆုနေရာအများဆုံး အတွက် လျာထားခံခဲ့ထားရပြီး ဆန်ခါတင်စာရင်းကို ဦးဆောင်လျက် ရှိကြောင်း သိရပါတယ်။

အဆိုပါ "Captain America: Civil War" ရုပ်ရှင်ဟာ ယခုနှစ်ရဲ့ ဆန်ခါတင်ဆုစာရင်းမှာ ဆုပေါင်း ရှစ်ဆုအတွက် အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံထားရပါတယ်။ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ရောဘတ်ဒေါင်နေဂျူနီယာနဲ့ ခရစ်အီဗန်၊ မင်းသမီး စကားလတ်ဂျိုဟန်စန်တို့ဟာလည်း အနှစ်သက်ဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်နေကြကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒုတိယမြောက်ဆုအရေအတွက် အများဆုံးရွေးချယ်ဖော်ပြခြင်း ခံထားရတဲ့ ရုပ်ရှင်ကတော့ "Batman v Superman: Dawn of Justice" ဖြစ်ပြီး ဆုပေါင်းခုနစ်ဆုအတွက် အမည်စာရင်း တင်သွင်းခြင်း ခံထားရပါတယ်။ ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသား ဘန်အက်ဖ်လက်ခ်နဲ့ ဟင်နရီကေ့ဗ်ဗေးလ်တို့ဟာ ယခုနှစ်အတွက် အနှစ်သက်ဆုံး ရုပ်ရှင်သရုပ်ဆောင်တွေအဖြစ် ဆန်ခါတင်စာရင်း ဝင်ခဲ့ပြီး မင်းသမီး အေမီအဒမ်စ်ကတော့ အနှစ်သက်ဆုံး အမျိုးသမီး သရုပ်ဆောင်အဖြစ် အမည်စာရင်းတင်သွင်းဖော်ပြခြင်း ခံထားရတာ ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့တဲ့ အခြားသော ရုပ်ရှင်တွေကတော့ "Finding Dory"၊ "Ghostbusters"နဲ့ "Rogue One: A Star Wars Story" အစရှိတဲ့ ရုပ်ရှင်တွေဖြစ်ကြကြောင်းလည်း သိရပါတယ်။

ကလေးတွေရဲ့ ကြိုက်နှစ်သက်မှု အများဆုံးရရှိထားတဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ရွေးချယ်ကာ ဆုတွေချီးမြှင့်လေ့ရှိတဲ့ အဆိုပါဆုပေးပွဲကြီးမှာ တေးဂီတနဲ့ပတ်သက်တဲ့ ထူးချွန်ဆုတွေကိုလည်း ရွေးချယ်ပေးအပ်လေ့ရှိပါတယ်။ ယခုနှစ်ရဲ့ ဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ အဆိုတော်တွေကတော့ ဘရူနိုမားစ်နဲ့ "Twenty One Pilots" တို့ပဲ ဖြစ်ကြပါတယ်။ အဆိုပါတေးသံရှင်တွေဟာ ဆန်ခါတင်စာရင်းမှာ ဆုနေရာလေးခုအတွက် ဖော်ပြခြင်းခံထားရပြီး ဂျက်စတင် တင်းဘာလိတ်ခ်ကတော့ ဆုပေါင်း သုံးဆုအတွက် လျာထားခံရကာ ဘီယွန်းစေးကတော့ ဆန်ခါတင်စာရင်းရဲ့ နှစ်နေရာမှာ ပါဝင်နေကြောင်း သိရပါတယ်။ အခြားသော နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ အရီရန်နာဂရန်ဒီ၊ အဒဲလ်၊ မက်ဂန်ထရိန်နာ၊ သယ်ဝိခ်ကန်းဒ် စတဲ့အနုပညာရှင်တွေဟာလည်း ဆန်ခါတင်စာရင်းမှာ ပါဝင်နေတာဖြစ်ပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါဆုပေးပွဲကြီးကို ယခုနှစ်မှာတော့ လာမယ့် မတ်လ ၁၁ ရက်မှာ ကျင်းပသွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျီယွန်းနဲ့ လီဒေါင်ဂန်း

လတ်တလောမှာ နောက်ထပ်လမ်းခွဲလိုက်ပြီဖြစ်တဲ့ တောင်ကိုရီးယား ကြယ်ပွင့်စုံတွဲတစ်တွဲကတော့ မင်းသား လီဒေါင်ဂန်းနဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့အပြင် အမျိုးသမီးပေါ့ပ်တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ ဂျီယွန်းတို့ပဲ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ သူတို့ရဲ့ဖျော်ဖြေရေးအေဂျင်စီတွေက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အမ်ဝေ့ဗ်ဒေ့ါကွန်းမှာ ဖော်ပြထားခဲ့ပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲဟာ အခြားသောကြယ်ပွင့်စုံတွဲတွေလိုပဲ လမ်းခွဲရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး ဖော်ပြခဲ့ရာမှာတော့ သူတို့ရဲ့မအားလပ်နိုင်တဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ဦးကိုတစ်ဦး အချိန်မပေးနိုင်ကြဘဲ လမ်းခွဲရခြင်းဖြစ်ကြောင်း ဆိုကြပါတယ်။ ဂျီယွန်းနဲ့ လီဒေါင်ဂန်းတို့ဟာ လမ်းခွဲခဲ့ပြီးဖြစ်ကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂ ရက်က သူတို့ရဲ့ အေဂျင်စီတွေက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။

ဂျီယွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘီအမ်ကေအန်တာတိန်းမန့်က "သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ လုပ်ဖော်ကိုင်ဖက်တွေအဖြစ် တစ်ဦးကိုတစ်ဦး ဆက်လက်ကူညီပံ့ပိုးရင်းနေထိုင်သွားကြဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အလားတူ လီဒေါင်ဂန်းရဲ့ အေဂျင်စီဖြစ်တဲ့ အက်ဖ်အန်စီအန်တာတိန်းမန့်ကလည်း သူတို့နှစ်ဦးလမ်းခွဲခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ပြီး နှစ်ဦးသားက အလုပ်အပေါ်မှာပဲ ပိုမိုအာရုံစိုက်လုပ်ဆောင်သွားကြရင်းက တဖြည်းဖြည်း လမ်းခွဲရတဲ့အခြေအနေကို ရောက်လာခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

ဂျီယွန်းနဲ့ လီဒေါင်ဂန်းတို့ဟာ ကိုရီးယား-တရုတ်ရုပ်ရှင် "Encounter"ကို စတင်ရိုက်ကူးစဉ်က တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်းနှစ်နှစ်ခန့် လက်တွဲခဲ့ပြီးတဲ့နောက် လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲဟာ သူတို့နှစ်ဦး အကြား ၁၃ နှစ်ခန့် ကွာခြားတဲ့ အသက်အရွယ်ခြားနားမှုကြောင့်လည်း တောင်ကိုရီးယား ကြယ်ပွင့်စုံတွဲတွေအကြား လူသိများတဲ့ စုံတွဲတစ်တွဲလည်း ဖြစ်ပါတယ်။

လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် လတ်တလောမှာ ဂျီယွန်းဟာ ပရိသတ်တွေရဲ့ အားပေးစကားတွေကို လက်ခံရရှိခဲ့ပြီး ထို့အတူ ဆိုးဝါးတဲ့ ဝေဖန်မှုတွေနဲ့လည်း ကြုံတွေ့နေရကြောင်း သိရပါတယ်။ ပရိသတ်တွေဆီက မကောင်းတဲ့တုံ့ပြန်မှုတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် စိတ်ပျက်ဝမ်းနည်းခဲ့ရပြီး မျက်ရည်များပင်ကျမိကြောင်းလည်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဂျီဟွန်းက ဖွင့်ဟခဲ့ကြောင်းလည်း သိရပါတယ်။





# "Beauty and the Beast" အတွက် နောက်ဆုံးသော အစမ်းရုပ်ရှင် ထုတ်လွှင့်

ဒစ်စနေရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Beauty and the Beast"ကို လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဖန်တီးထားတဲ့ ရုပ်ရှင်ရဲ့ အစမ်းရုပ်ရှင်တွေကို ထုတ်လွှင့်ပြသလျက်ရှိရာ အဆိုပါရုပ်ရှင်သစ်အတွက် နောက်ဆုံးအကြိမ် ထုတ်လွှင့်တဲ့ အစမ်းရုပ်ရှင်ရဲ့ ဗီဒီယိုကို ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်မှာ "Beauty and the Beast" ရုပ်ရှင်သစ်အတွက် နောက်ဆုံး အစမ်းရုပ်ရှင်တစ်ခုကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အစမ်းရုပ်ရှင်မှာ ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဂျွန်လဲဂျန့်ထ်နဲ့ အရီရန်နာဂရန်ဒီတို့ရဲ့ စုံတွဲတေးသီချင်းလည်း ပါဝင်ကြောင်း သိရပါတယ်။

လတ်တလောထုတ်လွှင့်ခဲ့တဲ့ အစမ်းရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဘယ်လီရဲ့ ရဲတိုက်ကြီးဆီသို့ သွားရောက်ခဲ့ပုံနဲ့ အဆိုပါရဲတိုက်ကြီးရဲ့ ထူးခြားမှုတွေကို တွေ့မြင်ခဲ့ကြရပြီး ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ အစမ်းရုပ်ရှင်တွေမှာထက် တိုက်ခိုက်မှုတွေ၊ အကတွေနဲ့ တေးသီချင်းတွေ ပိုမိုပါဝင်နေတာကို တွေ့မြင်ခဲ့ကြရပါတယ်။

ဗြိတိန်နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ "Harry Potter" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ပင်တိုင်မင်းသမီးချော အမ်မာဝပ်ဆန်နဲ့ မင်းသား ဒန်စတီဗန်စ်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါ "Beauty and the Beast" လိုက်ဖ်အက်ရှင်ရုပ်ရှင်ကို အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် မတ် ၁၇ ရက်က စတင်ပြီး ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဂီတလောကထဲ ပြန်လည်ခြေချဖို့ နီးကပ်လာပြီဖြစ်တဲ့ လီဟိုရီ

တစ်ချိန်က တောင်ကိုရီးယားပေါ့ပ်တေးဂီတလောကရဲ့ ဘုရင်မလို့ ဆိုရလောက်အောင် အောင်မြင်ခဲ့တဲ့ တေးသံရှင် လီဟိုရီဟာ လတ်တလောမှာ ဖက်ရှင်မဂ္ဂဇင်းတစ်ခုအတွက် မျက်နှာဖုံးဓာတ်ပုံတွေ ရိုက်ကူးပေးခဲ့ပြီး အနုပညာလောကနဲ့ ပြန်လည်ဆက်သွယ်လာခဲ့ပြီဖြစ်တဲ့အတွက် မကြာမီမှာ လီဟိုရီရဲ့ တေးသီချင်းသစ်တွေကို ခံစားရတော့မှာ ဖြစ်တယ်လို့ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂ ရက်မှာ လီဟိုရီဟာ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံတွေ ရိုက်ကူးဖို့အတွက် ဩစတြေးလျကို ထွက်ခွာသွားခဲ့ဖြစ်ကြောင်း သိရပါတယ်။ လီဟိုရီဟာ ဩစတြေးလျမှာ ရက်အတော်ကြာနေထိုင်သွားမှာဖြစ်ပြီး အဆိုပါခရီးစဉ်အတွင်း ဖက်ရှင်မဂ္ဂဇင်းအတွက် ဓာတ်ပုံတွေရိုက်ကူးပေးရင်း ဆောင်းပါးတစ်ခုမှာ အသုံးပြုဖို့အတွက် ဓာတ်ပုံတွေကိုပါ ရိုက်ကူးသွားမှာဖြစ်ကြောင်း ဖက်ရှင်လောကမှ သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။



ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "MONOCHROME" ဟာ လီဟိုရီရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး လတ်တလောမှာတော့ လီဟိုရီဟာ ဂီတလောကနဲ့ အဆက်အသွယ်ပြတ်နေခဲ့တာ လေးနှစ်ခန့်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းမှာ လီဟိုရီဟာ တေးဂီတသစ်တွေကို ဖန်တီးလျက်ရှိကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပေမယ့် အသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် လူမှုကွန်ရက်မီဒီယာတွေနဲ့ နှစ်နှစ်တာခန့် အဆက်အသွယ်ဖြတ်ထားခဲ့တဲ့ လီဟိုရီဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာကို ပြန်လည်သုံးစွဲခဲ့ပါတယ်။ လီဟိုရီအနေနဲ့ ယခုလို တေးဂီတလောကအတွင်း ပြန်လည်ခြေချဖို့ စီစဉ်နေတဲ့အပေါ် သူ့ရဲ့ပရိသတ်တွေက အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရပါတယ်။


အေးပြည့်-စုစည်းသည်

# ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း




**တံဆိပ်စက္ကူပေါ်တွင်ကပ်နှိပ်ထားသော 'ကိန္နရီ' အရုပ်နှင့်စာသားပါ (Hologram) လေဆာရောင်ပြန်ပြား**




**လုံချည်ချုပ်ရိုးတွင် ထည့်သွင်းချုပ်ထားသည့် 'ကိန္နရီ' စာသား နှစ်ဖက်ပါ အသားတံဆိပ်**

## ၄/၅၁၄၁/၂၀၀၂

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ မဟာဘောဂ (၂) လမ်း၊ အမှတ် (၂၀၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုး [၁၂/ကမရ(နိုင်) ၀၃၀၁၄၇]သည် အထက်ဖော်ပြပါ **ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် စာချုပ်မှတ်ပုံတင်အမှတ် ၄/၅၁၄၁ (၁၉-၉-၂၀၀၂) ရက်အရ တရားဝင်မှတ်ပုံတင်ပြီး အဆင့်မြင့်သဘာဝချည်သားစစ်စစ်ဖြင့် အဆင့်မြင့်ချည်ဆိုးဆေးများအသုံးပြုကာ မိမိတို့ကိုယ်တိုင် စက်ရက်ကန်းဖြင့်ရက်လုပ်ခြင်း၊ စိတ်တိုင်းကျအရည်အသွေးစစ်ဆေးကာ ချုပ်လုပ်ခြင်း၊ ထုတ်လုပ်သော အသင့်ချုပ်ပြီး အမျိုးသားဝတ် ချည်ချောလုံချည်အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

**ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည်ကုန်အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်ရက်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်အဆင့်မြင့်သော ဂုဏ်သတင်းများဖြင့် နာမည်ကောင်းသတင်းကျော်ကြား လူကြိုက်များကာ အများပြည်သူတို့က ဝယ်ယူအားပေး နှစ်သက်စွာ သုံးစွဲကြသည်ကို ကုန်ပစ္စည်းတံဆိပ်ပိုင်ရှင် ဦးလှမျိုးက ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာရှိရပါသည်။ သို့ပါသော်လည်း ယခုအခါ မသမာသူအချို့က **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် အမည်တံဆိပ်ကိုတုပ၍ ဆင်တူယိုးမှားပုံပြုကာ အရည်အသွေး ညံ့ဖျင်းသည့် လုံချည်၊ ပုဆိုးများတွင်ကပ်နှိပ်၍ **ကိန္နရီ** မှထုတ်လုပ်သော ဒုတိယတန်းစားလုံချည်၊ ပုဆိုးဟု လိမ်လည်ပြောဆိုကာရောင်းချနေကြောင်း ကြားသိရပါသည်။

**ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည်အစစ်အမှန်တွင် -



(က) **ကိန္နရီ**စက္ကူတံဆိပ်ပေါ်တွင်ရိုက်နှိပ်ထားသည့် '**ကိန္နရီ**' အရုပ်သည် မျက်မြင်အရ လက်ဝဲ(ဘယ်ဘက်)သို့ မျက်နှာလှည့်ပါသည်။
ယင်းစက္ကူတံဆိပ်တွင် အဆင့်မြင့်ချည်ချောလုံချည်
ပင်ရင်း - **ကိန္နရီ** အထည်စက်၊ သဲတောမြို့။
ဖုန်း-၀၆၄-၅၀၁၃၁၊ ရန်ကုန်ဖြန့်ချိရေး- ၀၁-၅၂၆၂၂၈ ဟု ရေးသားဖော်ပြထားပါသည်။

(ခ) **ကိန္နရီ** သည် စာလုံးသုံးလုံးသာရှိပါသည်။ ကိ (၁) န္န (၂) ရီ (၃)

(ဂ) **ကိန္နရီ** စာ၏ရှေ့တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း မည်သည့်အပိုစာလုံးမှမပါရှိပါ။ ------ **ကိန္နရီ** ------

(ဃ) **ကိန္နရီ** ကို 'ရ' ဖြင့်သာ 'ရီ' ပါသည်။ ------ **ကိန္နရီ** ------

(င) **ကိန္နရီ** ကို နငယ်နှစ်လုံးဆင့် 'န္န' ဖြင့်ရိုက်နှိပ်ထားပါသည်။ ------ **ကိန္နရီ** ------

(စ) **ကိန္နရီ** အမှတ်တံဆိပ်စက္ကူပေါ်တွင် '**ကိန္နရီ**' အရုပ်နှင့် '**ကိန္နရီ**' ဟုဖော်ပြပါရှိသော လေဆာရောင်ပြန်ပြား (**ကိန္နရီ** Hologram) ကိန္နရီ ထပ်ဆင့်ကပ်ထားပါသည်။

(ဆ) လုံချည်ချုပ်ရိုးတွင် နက်ပြာရောင်အောက်ခံအပေါ်၌ ရွှေအိုရောင်ဖြင့် '**ကိန္နရီ**' စာတန်းနှစ်ဖက်ရိုက်နှိပ်ထားသည့် အသားတံဆိပ် ကိန္နရီ ထည့်သွင်းချုပ်ထားပါသည်။

(ဇ) **ကိန္နရီ** အမည်တံဆိပ်ပါ ပလတ်စတစ်အိတ်ခွံများဖြင့် **ကိန္နရီ** လုံချည်ကို ထည့်သွင်းထုပ်ပိုးထားပြီး ၄င်းပလတ်စတစ်အိတ်ခွံပေါ်တွင်လည်း **ကိန္နရီ**အထည်စက်၊ သဲတောမြို့၊ ဖုန်း-၀၆၄-၅၀၁၃၁၊ ၅၀၃၂၅၊ ၅၀၄၆၄၊ ရန်ကုန် ဖုန်း-၀၁-၅၂၆၂၂၈ ဟု ဖော်ပြပါရှိပါသည်။

**ကိန္နရီ** ပုဆိုး၊ လုံချည်ထုတ်လုပ်ရေးလုပ်ငန်းမှ **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည်နာမည်ဆင်တူယိုးမှားဖြင့် မည်သည့်ဒုတိယတန်းစားပုဆိုး၊ လုံချည်ကိုမှ ထုတ်လုပ်ရောင်းချခြင်းမရှိပါ။ **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားသူ တစ်ဦးတည်းမူပိုင် ဦးလှမျိုးမှလွဲ၍ မည်သူမဆို အမှတ်တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ စာသား၊ အရုပ်တံဆိပ်များ တုပ ပြုလုပ်သုံးစွဲပြီး အရည်အသွေးညံ့သည့်ပုဆိုး၊ လုံချည်များတွင် ကပ်နှိပ်ရောင်းချနေသူများအပေါ် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူတော့မည်ဖြစ်ပြီး ပိုင်ရှင်ဦးလှမျိုး၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများကို တရားမကြောင်းအရလည်း အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမျိုး၏ညွှန်ကြားချက်အရ -**

**ဦးအောင်မြင့် (ကမာရွတ်)**
**H.G.P, LL.B, D.B.L, D.M.L, D.I.L**
**D.Apsy (Advocate)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၁၄၇/၁၉၈၇)
(၂၁၃)၊ မဟာဘောဂ(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ကိန္နရီ** ဆင်တူယိုးမှားပေါ်ပေါက်လာသည့်အခါတိုင်း အသိပေးပြောကြားပေးပြီး **ကိန္နရီ** အစစ်အမှန်ကို တစ်ဆင့်ပြန်လည်ရောင်းချပေးသူများနှင့် **ကိန္နရီ** အစစ်အမှန်ကို စိစစ်ရွေးချယ်ဝယ်ယူအားပေးသော ဝတ်ဆင်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကိန္နရီ မှ ကိန္နရီ ဖြစ်စေဖို့ အစဉ်ကြိုးစားလျက် -**

Star Zone Travels & Tours
မြန်မာ့နှစ်သစ်ကူးမှာ ကမ္ဘာမြေမှာ ဘာထူးလဲလေ့လာဖို့ STAR ZONE နဲ့အတူခရီးသွားစို့
• ဥရောပ(၆) နိုင်ငံခရီးစဉ် (၁၅ ညအိပ်/ ၁၆ ရက်) 9/11April
• ဥရောပ(၃) နိုင်ငံခရီးစဉ် (၁၀ညအိပ်/ ၁၁ရက်) 13/14April
• ဂျပန်ခရီးစဉ် (၉ညအိပ်/ ၁၀ရက်) 11/13April
• ကိုရီးယားခရီးစဉ် (၈ညအိပ်/၉ရက်) 11/13April
• ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ (၅ညအိပ်/၆ရက်) 12/14April
• စင်ကာပူခရီးစဉ် (၄ ညအိပ်/၅ ရက်) 11/13April
• ဟိုချီမင်း-ဒါနန်-ဟန္နိုင်း-ဟလောင်း (၆ ညအိပ်/ ၇ ရက်) 11/13April
• ဟိုချီမင်း-ဟန္နိုင်း-ဟလောင်း (၄ ညအိပ်/၅ ရက်) 12/14April
• ဘန်ကောက်-ဖူးခက်ခရီးစဉ် (၅ညအိပ်/ ၆ရက်) 12/14April
• ဘာလီခရီးစဉ် (၄ ညအိပ်/ ၅ရက်) 11/13April
• ထိုင်ဝမ်ခရီးစဉ် (၆ ညအိပ်/ ၇ ရက်) 11/13April
• ဟောင်ကောင်-မကာအိုခရီးစဉ် (၄ ညအိပ်/ ၅ရက်) 11/13April
*** ... Special Discount ... ***
အမှတ်(၃၅)/A ၊မြေညီထပ်၊ လမ်းသစ်လမ်း(မော်တင်လမ်း)၊လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-01-230 1511, 230 1522, 230 0106, 09-9705 06707

နှစ်သစ်ကူး အတာသကြင်္န် အထူးပြည်ပနှင့်ပြည်တွင်းခရီးစဉ်များ
(24March / 14 April)
( Halong Bay သင်္ဘော ၁ ညအိပ်၊ ရေပေါ်ရွှေဓသားရုပ်ပွဲ၊ ဟိုချီမင်းဂူဗိမာန်နှင့် အိမ်တော်၊ One Pillar Pagoda၊ Temple of Literature၊ Hoan Kiem Lake နှင့် The Huc Bridge၊ Ngoc Son Temple၊ Old Quarter City Center )
(11 April)
(မြဘုရားနှင့် ဘုရင့်နန်းတော်၊ ဖယောင်းရုပ်ထုပြတိုက်၊ ရေအောက်ကမ္ဘာ၊ Safari World၊ Hua Hin Beach၊ Vana Nava Water Jungle ၊အီတလီမြို့ပုံစံတူ Venizia ၊Swiss Sheep Farm)
(13 April / 14 April)
( ...၊ ဝေသာလီ၊ ကျောက်တော်တောင်၊ မဟာမုနိ၊ ... )
(23 Feb / 9 March / 28 March)
(လှိုင်ကော်၊ မိုးညို၊ ဒီမောဆို၊ ကယန်း(ပဒေါင်) တို့၏ ပန်းပတ်ရွာ)
PAN THU KHA Travels & Tours Co., Ltd.
Hot Line - 09 250200212, 09 5095586, 09 773030960
Visit our Facebook Page - " Pan Thu Kha Myanmar "
ဆက်သွယ်ရန် - အမှတ် ၄၃၊ ဒုတိယထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်
PAN THU KHA ... Promotion ... (USD 50 ...)

တရုတ်
ENGLISH Conversation Practice
Sayar.Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

NOBLE FRIEND CAR RENTAL
ကျိုက်ထီးရိုး နေ့ချင်းပြန်
Hiace-14 Seaters/ Alphard-175000/-Kyats
Hiace/Alphard/Crown ကားများကို ရန်ကုန်မြို့တွင်း၊ မြို့ပြင်နှင့် ဘုရားဖူးခရီးစဉ်များအတွက် ငှားရမ်းနိုင်ပါသည်။
Phone-095165099,259258479

ZWARE FAMILY EDUCATION CENTRE
ဦးဇော်မြိုး M.Sc(Chem:)
ဇွဲ ပညာ့ဗိမာန်
နိုင်း | Camp | အဆင့်မြင့် ဘော်ဒါ
ဂရိတ်၁၀ တန်း(DAY) ■ မတ်လ(၉)ရက်စမည်
ဂရိတ်၁၀ တန်း(ဘော်ဒါ) ■ မတ်လ(၂၃)ရက်စမည်
ဝတန်း၊၉တန်း ဘာသာစုံစာသင်ဝိုင်းများ တက္ကသိုလ်ဝင်တန်းအတွက် ပုံမှန်ဝိုင်းများ
၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား/မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။
(၄၉၈/၄၉၉) မှော်ဘီလမ်းမကြီး၊ မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။
Ph: 09-50 777 57, 09-514 3973

CROWN EDUCATION
မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်
"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ...
• စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီတက်ခွင့်သိမှတ်ဖွယ်ရာများ
• နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
• ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
• ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
